ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 2 February 2021 ၁၀၂၇၆

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တစ်ရပ် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမိန့်အမှတ် (၁/၂၀၂၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်
အမိန့်အမှတ် (၁/၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံ အသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာကွဲခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။

၂။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည်ဖြစ်သော်လည်း ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆိုးဝါးစွာလွဲမှားနေသည့် မဲစာရင်းများဖြစ်ခဲ့သဖြင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ပြည်သူ့ထံမှ အချုပ်အခြာအာဏာ ဆင်းသက်ရမည်ဆိုသည့်အချက်နှင့် ဆန့်ကျင်နေပါသည်။

၃။ မဲစာရင်းပြဿနာများကို ဖြေရှင်းရန်ငြင်းပယ်ခြင်း၊ အရေးယူဆောင်ရွက်မှု မပြုခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုအပေါ် ရွှေ့ဆိုင်းပေးခြင်း မရှိသည့်အပြင် ပြည်သူ့လွှတ်တော်အစည်းအဝေးအစီအစဉ်များ ထုတ်ပြန်ကာ အစီအစဉ်အတိုင်းဆက်လက်လုပ်ဆောင်ရန် ဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပါသည်။ ၎င်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ မြို့ ဒေသအသီးသီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မယုံကြည်သဖြင့် ဆန္ဒပြမှုများ များစွာဖြစ်ပေါ်လျက်ရှိပြီး အခြားပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်များကလည်း ထောက်ခံပွဲအလံလွှင့်ထူခြင်းများအပါအဝင် လုံ့ဆော်မှုမျိုးစုံ ပြုလုပ်နေကြောင်းတွေ့ရသဖြင့် နိုင်ငံတော်တည်ငြိမ်မှုကို များစွာထိခိုက်စေလျက်ရှိသည်။

၄။ အဆိုပါပြဿနာကို မှန်ကန်စွာဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီ လျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၅။ မဲစာရင်းများ စစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၈ ပုဒ်မခွဲ(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးလိုက်သည်။

၆။ အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေသည် နိုင်ငံတစ်ဝှမ်းဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဤအမိန့် ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်လိုက်သည်။

(ပုံ) မြင့်ဆွေ
ယာယီသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးကျင်းပပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်ယာယီသမ္မတဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြရာတွင် မြန်မာ့တပ်မတော်သည် ပြည်သူနှင့်ပတ်သက်လာလျှင် “ပြည်သူသာအမိ၊ ပြည်သူသာအဖ”

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေး ကျင်းပပြုလုပ်စဉ်။

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ဘဏ်များပိတ်ထားခြင်းမရှိဘဲ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ဘဏ်များ ပိတ်ထားခြင်းမရှိဘဲ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှူး ပြန်ကြားရေးအဖွဲ့၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လူမှုကွန်ရက်တွင် ဘဏ်များပိတ်ထားပြီး ဘဏ်လုပ်ငန်းများ ရပ်တန့်လျက်ရှိသည်ဟု ကောလာဟလ သတင်းအချို့ ဖော်ပြနေကြောင်း၊ ဖြစ်စဉ်အမှန်မှာ ဘဏ်များ ပိတ်ထားမှုမရှိဘဲ ယနေ့ နံနက်ပိုင်းတွင် အင်တာနက်လိုင်းနှင့် ဆက်သွယ်ရေး ဖုန်းလိုင်းပြတ်တောက်မှုများကြောင့်သာ လုပ်ငန်းဆောင်ရွက်မှုများ ခေတ္တနှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ဘဏ်လုပ်ငန်းများ အဆင်ပြေစွာဖြင့် ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

ပင်လောင်းမြို့ မြို့မဈေးဌ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ



ပင်လောင်း ဖေဖော်ဝါရီ ၁

ပွင့်လင်းရာသီအချိန်ရောက်ရှိလာသည့်အတွက် မီးလောင်မှုမဖြစ်ပေါ်စေရန် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခြင်း အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြို့မဈေးဌ် ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရာတွင် မီးလောင်မှုဖြစ်ပေါ်ပါက အချိန်မီတားဆီးကာကွယ် ဆောင်ရွက်နိုင်ရန် မီးသတ်ဆေးဘူး ဖွင့်ပိတ်နည်း၊ မီးငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူး အသုံးပြုနည်း၊ အရေးပေါ်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို မီးသတ်ဦးစီးဌာနက လက်တွေ့သရုပ်ပြပြီး ဈေးအရောင်းဆိုင်ပိုင်ရှင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခဲ့ကြသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင် အရာရှိဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခွန်အာကာစိုး(ပြန်/ဆက်)

အသီးတစ်ရာ အညာတစ်ခု ဒို့ညီနောင်ထု ပြည်ထောင်စု။

ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၂-၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၆၀၀	၉,၇၀၀	၃,၀၂၁	၂၈,၉၅၁,၈၀၀
MTSH	၃,၉၀၀	၃,၉၀၀	၉၇၉	၃,၇၈၀,၆၀၀

MCB	၈,၂၀၀	၈,၂၀၀	၀	၀
FPB	၂၂,၀၀၀	၂၂,၀၀၀	၁၁၈	၂,၅၉၆,၅၀၀
TMH	၂,၇၀၀	၂,၇၀၀	၂၂၆	၆၁၀,၂၀၀
EFR	၃,၆၀၀	၃,၆၀၀	၂၄	၈၆,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန် (ရွှေဈေး) ၁၃၂၂၀၀၀ မန္တလေး (ရွှေဈေး) ၁၃၂၂၀၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၃၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၆၁၀.၄
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၅.၇၉
(ဃ) ထိုင်း	တစ်ဘတ်	=	၄၄.၃၇၈

(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၉.၀၀
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၂၁၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၁၅.၈
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၉၉.၄၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၆၉.၃
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၈.၈၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကိုဗစ်ကိုကျော်လွှား လူမှုဘဝပုံစံသစ်ဖန်တီး

ပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါကင်းဝေးပြီး ကျန်းမာစွာနေထိုင်နိုင်ရေးသည် အရေးကြီးသည်။ လူတိုင်းလူတိုင်း ရောဂါကင်းဝေး ကျန်းမာရေးအတွက် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိရမည် ဖြစ်သည်။ အသိ၊ သတိရှိပြန်လျှင်လည်း လိုက်နာဆောက်ရွက်ဖို့ လိုအပ်သည်။ လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် ကျန်းမာရေးအသိများ မျှဝေပေးကြရမည်ဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူ ၆၀ ရာခိုင်နှုန်းကျော်သည် သာမန်လူတစ်ယောက်ကဲ့သို့ ကျန်းကျန်းမာမာဖြင့် လူပတ်ဝန်းကျင်တွင် သွားလာလှုပ်ရှားနေထိုင်လျက်ရှိသည်။ ယင်းအချက်သည် အရေးကြီးသဖြင့် ရောဂါမကူးစက်စေရေးအသိ လူတိုင်းတွင်ရှိရမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးသည် အရာဝတ္ထုနှင့်လေထုရှိ မမြင်နိုင်သောအစက်မှုန်လေးများမှ ကူးစက်နိုင်သောကြောင့် အကာအကွယ်မပါခြင်း၊ ဆေးကြောသန့်စင်ခြင်းမရှိပါက ကူးစက်အန္တရာယ်ရှိသည်ကို သတိပြုရမည်ဖြစ်သည်။

နာခေါင်းစည်းမတပ်ဘဲ နီးနီးကပ်ကပ် နေထိုင်ဆက်ဆံပြောဆိုခြင်း၊ ပိုင်းဖွဲ့စကားပြောခြင်း၊ အတူစုဝေးစားသောက်ခြင်း၊ မျက်နှာချင်းဆိုင် စကားပြောခြင်း၊ စားသောက်ခြင်း၊ အလုံပိတ်အခန်း၊ လေဝင်လေထွက်မကောင်းသောအခန်းတွင် လူအများစုဝေးနေထိုင်လုပ်ကိုင်ခြင်း၊ လူထူထပ်သော၊ လူစုလူဝေးရှိသောနေရာများသို့ သွားရောက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါ အလွယ်တကူကူးစက်နိုင်သည်။ ကိုဗစ်-၁၉ ရောဂါပိုးသည် အသက်ရှူလမ်းကြောင်းအပြင်ပါးစပ်၊ မျက်စိတို့မှလည်း ဝင်ရောက်နိုင်သည်ကို သိရှိရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလွယ်ကူသူ၊ ရောဂါအပြင်းအထန် ခံစားရနိုင်သူများကိုလည်း သိရှိထားသင့်သည်။ ၎င်းတို့မှာ ရောဂါအခံရှိသူများဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူများတွင် ၉၂ ရာခိုင်နှုန်းခန့်မှာ ရောဂါအခံရှိသူများ ဖြစ်သည်။ ထို့ကြောင့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာစသည့် နာတာရှည်ရောဂါရှိသူများအတွက် ပိုမိုသတိပြုကြရမည် ဖြစ်သည်။ သေဆုံးသူများ၏ ၃၁ ရာခိုင်နှုန်းသည် ဆေးရုံသို့ အချိန်မီမရောက်သောကြောင့် သေဆုံးရခြင်းဖြစ်သည်။

အသက်အရွယ်ကြီးသူများ၊ ရောဂါအခံရှိသူများအနေဖြင့် အိမ်အပြင် လုံးဝမထွက်သော်လည်း အိမ်ပြင်ထွက်သည့်မိသားစုဝင်များနှင့် နီးနီးကပ်ကပ် ဆက်ဆံပြောဆိုခြင်းကို သတိပြုရမည်ဖြစ်သည်။ ရောဂါအပြင်းအထန်ခံစားရလျှင် အသက်သေဆုံးနိုင်သည်ကို ပြည်သူများအားအသိပေးရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ကိုယ်ခံအားကောင်းပါက ကြောက်စရာမလို၊ ရောဂါပျောက်ကင်းသွားပါက ကြောက်စရာမလိုဟူသည့် အတွေးမျိုးမရှိဘဲ အစဉ်အမြဲကာကွယ်ထားရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းခံရပြီး ပြန်လည်ကောင်းမွန်လာသော်လည်း နောက်ဆက်တွဲဆိုးကျိုးများကို သတိပြုရမည် ဖြစ်သည်။ ရောဂါကူးစက်ခံရပြီးသူအချို့အနေဖြင့် ရေရှည်တွင် နှလုံး၊ အဆုတ်၊ အာရုံကြော၊ သွေးကြောများတွင် သွေးခဲခြင်း၊ စိတ်ပိုင်းဆိုင်ရာ စိတ်ထိခိုက်ခံစားမှုများ၊ အလွန်အမင်း မောပန်းမှုများ၊ ချောင်းဆိုးခြင်းများ၊ နာတာရှည်ကျန်းမာရေးပြဿနာများဖြစ်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် မဖြစ်မိက အသိ၊ သတိဖြင့် သတိထားကာ၊ အချင်းချင်းအသိပေးကာ၊ အချင်းချင်းနှိုးဆော်ကာ ကာကွယ်ကြရမည်ဖြစ်သည်။ ရောဂါနှင့်ပတ်သက်၍ သံသယလက္ခဏာများ တွေ့ရှိရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ပြသကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသည် တစ်ဦးချင်းတစ်ယောက်ချင်းနှင့် မပြီးဘဲ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်၍ ကျန်းမာရေးအသိ၊ ရောဂါကာကွယ်ရေးအသိများကို စဉ်ဆက်မပြတ်အသိပေး၊ သတိပေးနေကြရမည် ဖြစ်သည်။ လူတိုင်း၊ မိသားစုတိုင်း လိုက်နာဆောင်ရွက်သင့်သည်ကို ပြည်သူများအား အသိပေးရမည် ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့ရသည်။ ရောဂါကျဆင်းနေချိန်တွင် အသိတရား၊ သတိထားမှုများကို မလျှော့ပစ်ဘဲ ဆက်လက်အသိ၊ သတိရှိကြမည်ဆိုလျှင် ကိုဗစ်-၁၉ ရောဂါမှ ကင်းဝေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများအား အသိ၊ သတိရှိစေရန် သတိပေးနှိုးဆော်နေခြင်းဖြစ်သည်။ ကိုဗစ်-၁၉ သည်ပြည်သူများ၏ကျန်းမာရေး၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည်မှာ မှန်သော်လည်း ကိုဗစ်-၁၉ သည် ပြည်သူများအား လူမှုစီးပွားဘဝနေထိုင်မှုပုံစံသစ်ဖြင့် စနစ်တကျအသစ်တည်ထောင်လုပ်တတ်ကိုင်တတ်စေရန်အတွက် လမ်းပြပေးနေသည်ဟု ခံယူပြီး ကိုဗစ်-၁၉ ကို ကျော်လွှားကာ လူမှုစီးပွားဘဝပုံစံသစ်ကို အကောင်းဆုံးဖန်တီးကြရမည် ဖြစ်ပါကြောင်း။ ။

ကြေးမုံ

- စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
- စာတည်းမှူး – ဦးဝင်းနိုင်
- သတင်းထောက်မှူး – ဦးမြင့်စိုး
- စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲသင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
- ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
- အကြီးတန်း – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
- အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
- ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
- သုတေသန – ဒေါ်ဇင်မာဝင့်
- စာပြင် – ဦးဝေမင်းသူနှင့်အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
- အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖုံးမှ

ဟူသော ဆောင်ပုဒ်ကို ခေတ်အဆက်ဆက် ဦးထိပ်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူတို့ လိုလားတောင်းဆိုသော "ပါတီစုံဒီမိုကရေစီစနစ်"ကို ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခြင်း နည်းလမ်းတည်းဟူသော နိုင်ငံရေးယဉ်ကျေးမှုများဖြင့် တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ပါကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပါကြောင်း၊ ၎င်းရွေးကောက်ပွဲများ၌ ကြီးမားသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ မရှိခဲ့ဘဲ သာမန်အငြင်းပွားမှုများကိုသာ တွေ့ရှိခဲ့ရပြီး အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုလည်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ဖြေရှင်းပေးခဲ့ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသည် ၎င်းစနစ်၏ အသက်ပင်ဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံး၌တည်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရအဖွဲ့၊ သက်ဆိုင်ရာ လွတ်တော်အသီးသီး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့် အဖွဲ့အစည်းအသီးသီးတို့ကို ရွေးကောက်ပွဲဖြင့် တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပြည်သူက ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း၊ ၎င်းရွေးကောက်ပွဲသည် လွတ်လပ်၊ သန့်ရှင်း၊ တရားမျှတမှုသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်လျက် အချုပ်အခြာအာဏာသည် ပြည်သူ/ နိုင်ငံသားများထံမှ စစ်မှန်သည့် ဆင်းသက်ခြင်းမျိုး ဖြစ်ပါကြောင်း။

ရှင်းလင်းပြသခဲ့

ယခုကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းအပေါ် စိစစ်ချက်များအရ မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်းလေးသိန်းကျော်) ရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈ သန်းရှိပြီး ၎င်းအနက် ၁၀ သန်းကျော် မဲမသမာမှု ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်မှာ မဲပေးပိုင်ခွင့်ရှိသူ လူပမာဏ၏ လေးပုံတစ်ပုံကျော် (၂၅ % ကျော်) မဲမသမာမှုဖြစ်နိုင်နေခြင်း ဖြစ်ပါကြောင်း၊ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားနိုင်မှုမဟုတ်သည်ကို ပြည်သူလူထုတစ်ရပ်လုံး တွေ့မြင်နိုင်ပါကြောင်း၊ ထိုသို့ တွေ့မြင်နိုင်အောင်လည်း တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက် စာရင်းဇယားများထုတ်ပြန်ခြင်း ၃၀ ကြိမ်၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲမတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲအပြီး ၄ ကြိမ်၊ စုစုပေါင်း ၆ ကြိမ်၊ တရားဝင်ထုတ်ပြန်ခဲ့ပါကြောင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း၊ ပြည်ပမီဒီယာ ၅၀ ကျော်ရှေ့တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသခဲ့ပြီးဖြစ်ပါကြောင်း။

သုံးသပ်စိစစ်ရမည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်၏ အုတ်မြစ်ဖြစ်သော ရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ ရိုးသားသည့်နိုင်ငံရေး ဖြစ်စေရေး ရွေးကောက်ပွဲမတိုင်မီကပင် အကြိမ်ကြိမ် ပြောကြားခဲ့ပါကြောင်း၊ "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်ခဲ့ခြင်း ရှိ/ မရှိကို ရွေးကောက်ပွဲကျင်းပသည့်ရက် ၁ ရက် တည်းကြည့်ပြီး ဆုံးဖြတ်၍မရနိုင်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲ ရက်ကာလ၊ ရွေးကောက်ပွဲအပြီးကာလ အနည်းဆုံးကာလ ၃ ခုဌ လွတ်လပ်၍ တရားမျှတမှု ရှိ/ မရှိ၊ သံသယကင်းကင်း၊ သန့်သန့်ရှင်းရှင်း ရှိ/မရှိ သုံးသပ်စိစစ်ရမည်ဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ၎င်းအချိန်ကာလ ၃ ခုလုံး၌ လွတ်လပ်မှု၊ တရားမျှတမှု၊ သန့်ရှင်းမှုများအပေါ် အငြင်းပွားဖွယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့အထိ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီ ၂၀ ပါတီမှ ကြေညာချက် ၂၆ စောင် ထုတ်ပြန်ပြီး ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်သည့် စာရင်းများကို ရှင်းလင်းပြီးစီးမှု မပြီးမချင်း တတိယအကြိမ်လွတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ၁၀.၁၁.၂၀၂၀ ရက်နေ့မှ ၂၉.၁.၂၀၂၁ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာလျက် "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်စေရေး ဥပဒေပြဋ္ဌာန်းချက်များကို မကျော်လွန်စေဘဲ ၂-၁၁-၂၀၂၀ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အကြိုကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တည်ဆဲဥပဒေများကို ကျော်လွန်၍ ညွှန်ကြားချက်အမျိုးမျိုး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေး ကျင်းပပြုလုပ်စဉ်။

ထုတ်နေမှုများ၊ ကြိုတင်မဲပေးချိန်၌ ကြုံတွေ့နေရသည့် ဥပဒေနှင့်မညီညွတ်မှုများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အား သဘောထားထုတ်ပြန်ကြေညာခြင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများအား ခြိမ်းခြောက်မှုမပြုစေရေးနှင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးလှုပ်ရှားခွင့် ရရှိစေရေး ဆောင်ရွက်ပေးရန် သဘောထားထုတ်ပြန်ကြေညာခြင်း၊ ၃၀-၁၁-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းနိုင်ရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အများပြည်သူ သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရေး သက်သေခံဥပဒေပုဒ်မ ၇၄ နှင့် ၇၆ တို့အရ စာရွက်စာတမ်းများ ကူးယူခွင့်တောင်းခံသည့် သဘောထားထုတ်ပြန်ချက် ထုတ်ပြန်ခြင်း၊ ၁၀-၁၁-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ စာရွက်စာတမ်း ကူးယူခွင့်များကို ခွင့်မပြုသဖြင့် ၎င်းစာရွက်စာတမ်းများအား ကူးယူခွင့်တောင်းခံခြင်းမှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးနှင့် ကန့်ကွက်ပိုင်ခွင့် အခွင့်အရေးတို့အရ တောင်းခံခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းသည့် သဘောထားထုတ်ပြန်ခြင်း၊ ၁၄-၁၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွတ်တော်ကိုယ်စားလှယ် ၂၀၃ ဦး တို့က ၁၁-၁-၂၀၂၁ ရက်နေ့၌ အခြေခံဥပဒေနှင့် အညီ ပြည်ထောင်စုလွတ်တော် အထူးအစည်းအဝေးခေါ်ယူရန် တင်ပြချက်အား ငြင်းဆန်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ ပြန်လည်ဆန်းစစ်ပေးရန် သဘောထားထုတ်ပြန်ခြင်း၊ ၂၀-၁-၂၀၂၁ ရက်နေ့တွင် တပ်မတော်၏ ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိချက်များ၊ မဲမသမာမှု ဖြစ်စေနိုင်သည့်စာရင်းများ ထုတ်ပြန်နေရခြင်းမှာ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုလိုခြင်းကြောင့်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန်နှင့် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်မည်ဆိုလျှင် ပြည်သူ့ ဆန္ဒအစစ်အမှန်ကို ထင်ဟပ်မည်ဖြစ်၍ တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လက်ခံသွားမည်ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ပြည်ထောင်စုလွတ်တော်က သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရက သော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ ဖြေရှင်းပေးပါရန် သဘောထားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် ၎င်းထုတ်ပြန်ချက်များအား ထုတ်ပြန်ခဲ့သည့်အပြင် အစိုးရအဖွဲ့ထံ အထက်ပါကိစ္စများကို ဖြေရှင်းပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအား ခေါ်ယူပေးပါရန် တင်ပြခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ကြေညာချက်များထုတ်ပြန်၍ ဥပဒေလုပ်ထုံး လုပ်နည်းများအတိုင်း ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဖြေရှင်းပေးရန် ပထမအဆင့် ပြောကြားခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန် ငြင်းဆန်သည့်အခါ ပြည်ထောင်စုလွတ်တော်မှတစ်ဆင့် ဖြေရှင်းပေးနိုင်ပါရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုသည့် ပြည်ထောင်စုလွတ်တော် အထူးအစည်းအဝေး ခေါ်ယူပေးရန် ငြင်းဆန်သည့်အခါ လက်ရှိကြုံတွေ့နေရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးပါရန် တောင်းဆိုခဲ့ပါကြောင်း၊ ၎င်းအဆင့်အားလုံး ငြင်းပယ်ခံရသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် အဓိကတာဝန်ရှိသော သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက် အားလုံးကို ကိုယ်စားပြုသော "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် တင်ပြခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် ဤသို့ လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း။

ဆွေးနွေးပြောကြား

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်စေရန်"ကိုလည်းကောင်း၊ ပုဒ်မ ၆ (ဃ)နှင့် ပုဒ်မ ၇ တို့အရ "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားရေး" ကိုလည်းကောင်း၊ ပုဒ်မ ၆ (စ)အရ " နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍာတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"ကိုလည်းကောင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်နိုင်သည့် စာရင်း ၁၀၄၈၂၁၁၆ (တစ်ဆယ်သန်းလေးသိန်းကျော်)အား တာဝန်ရှိသူ အဆင့်ဆင့်က ဖြေရှင်းပေးမှုမရှိဘဲ လွတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ ပါ " နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း" ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အား သုံးသပ်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်တင်ပြဆွေးနွေးရာတွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးထားသည့် ယနေ့မှစ၍ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသော တည်ဆဲဥပဒေများ အတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြဆွေးနွေးပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁

(က) အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များအရ လက်ရှိတွင် အားအသင့်အတင့်ရှိသော လာနီညာအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သုံးသပ်ပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလ အတွင်း အားအနည်းငယ်မှ အသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

(ခ) လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှလေပွေလိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

(ဂ) လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့တင်ပြသွားမည် ဖြစ်ပါသည်။

မိုး/ဇလ

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၁ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၂ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအား မိမိတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၃ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များအား မိမိတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၄ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မိမိတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ဒုတိယဝန်ကြီးများ တာဝန်မှရုပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၅ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

ဒုတိယဝန်ကြီးများ တာဝန်မှရုပ်စဲခြင်း

အောက်ဖော်ပြပါအမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည် -

(၁)	ဦးခင်မောင်တင်	နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
(၂)	ဦးမင်းလွင်	နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
(၃)	ဦးတင်မြင့်	ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
(၄)	ဦးမောင်မောင်ဝင်း	စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
(၅)	ဦးဆက်အောင်	စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
(၆)	ဒေါက်တာမင်းရဲပိုင်ဟိန်း	စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
(၇)	ဦးဗရတ်ဆင်း	ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
(၈)	ဦးဟောက်ဒိုဆွမ်း	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
(၉)	ဦးအောင်လှထွန်း	ပြန်ကြားရေးဝန်ကြီးဌာန
(၁၀)	ဦးကြည်မင်း	သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
(၁၁)	ဦးလှကျော်	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၁၂)	ဦးကျော်မျိုး	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(၁၃)	ဦးသာဦး	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(၁၄)	ဒေါက်တာရဲမြင့်ဆွေ	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၁၅)	ဒေါက်တာထွန်းနိုင်	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
(၁၆)	ဦးခင်မောင်ဝင်း	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
(၁၇)	ဦးအောင်ထူး	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၁၈)	ဦးမြင့်ကြိုင်	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
(၁၉)	ဦးဝင်းမော်ထွန်း	ပညာရေးဝန်ကြီးဌာန
(၂၀)	ဒေါက်တာမြလေးစိန်	ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၂၁)	ဦးကျော်လင်း	ဆောက်လုပ်ရေးဝန်ကြီးဌာန
(၂၂)	ဦးစိုးအောင်	လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၂၃)	ဦးတင်လတ်	ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
(၂၄)	ဦးလှမော်ဦး	တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

ပြည်ထောင်စုဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည် -

(၁)	ဦးဝဏ္ဏမောင်လွင်	နိုင်ငံခြားရေးဝန်ကြီးဌာန
(၂)	ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်	ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်ကြီးမြထွန်းဦး	ကာကွယ်ရေးဝန်ကြီးဌာန
(၄)	ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်	နယ်စပ်ရေးရာဝန်ကြီးဌာန
(၅)	ဦးဝင်းရှိန်	စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
(၆)	ဦးအောင်နိုင်ဦး	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
(၇)	ဦးကိုကိုလှိုင်	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
(၈)	ဦးချစ်နိုင်	ပြန်ကြားရေးဝန်ကြီးဌာန
(၉)	ဦးကိုကို	သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
(၁၀)	ဦးမြင့်ကြိုင်	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၁၁)	ဒေါက်တာသက်ခိုင်ဝင်း	ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

တာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၇ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

တာဝန်မှ ရပ်စဲခြင်း

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယနေ့မှစ၍ တာဝန်မှ ရပ်စဲလိုက်သည် -

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊
(၂) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
အမိန့်အမှတ် (၈ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းထားသောအာဏာကို ကျင့်သုံးလျက် ဦးသန်းဆွေအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်)
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

၁။ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ခိုင်မာသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များမှအပ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်နေ့အထိ ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလများကို ယခင်ကထက် ပိုမိုထိရောက်အကျိုးရှိစွာအသုံးပြု၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်၍ တိုက်တွန်းထားရှိပြီးဖြစ်သည်။

၂။ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိရောက်စွာ ဆွေးနွေးဆောင်ရွက်နိုင်ရေး တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးစီးအဖွဲ့ဝင် ၄ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

၃။ နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးခဲ့ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံးဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်	ဥက္ကဋ္ဌ
(ခ)	ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း	အဖွဲ့ဝင်
(ဂ)	ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်	အဖွဲ့ဝင်
(ဃ)	ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း	အဖွဲ့ဝင်
(င)	ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်	အဖွဲ့ဝင်
(စ)	ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း	အဖွဲ့ဝင်
(ဆ)	ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး	အတွင်းရေးမှူး

၄။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ (NCA)လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား (NCA)လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းနှင့် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စေ့စပ်ဆွေးနွေးခြင်းကသာ

မနေ့ကနံနက်ခင်းတွင် မမျှော်လင့်သော ငယ်ပေါင်းသူငယ်ချင်းနဲ့ လမ်းလျှောက်ရင်း စကားစမြည်ပြောဖြစ်ကြသည်။

သက်ရည် ။ သူငယ်ချင်း မတွေ့ဖြစ်တာကြာပြီနော်။

စွမ်းရည် ။ ဟုတ်ပါ့ သူငယ်ချင်း။

သက်ရည် ။ အလုပ်ကနားတော့ မြေးထိန်းပေါ့ကွာ။

စွမ်းရည် ။ ဟုတ်ပါ့၊ ဟုတ်ပါ့၊ ရောဂါကတစ်မျိုး၊ ကောလာဟလက တစ်မျိုးနဲ့ ဘာကိုယုံရမလဲ မသိကွာ။

သက်ရည် ။ သူငယ်ချင်းကလဲ ကောလာဟလဆိုတာကလည်း မှန်တဲ့သတင်းအခြေအမြစ်ပေါ်မှာ မမှန်ကန်တဲ့သတင်းအချက်အလက်တွေနဲ့ လုပ်ကြံဖန်တီးယူပြီး ကိုယ်လိုချင်တာ၊ ပြောချင်တာတွေကို ဝါဒဖြန့် ပြောတာမျိုးပဲမဟုတ်လား သူငယ်ချင်းရာ။

စွမ်းရည် ။ လတ်တလောဖြစ်နေတဲ့ မောင်ရင့်အမြင်ကို ပြောပါဦးကွ။ ဘာတွေ ဖြစ်ပျက်နေတာလဲ။ သူငယ်ချင်းက နှံ့စပ်တော့ မသိတာတွေ သိအောင်တော့ ပြောပြပေးပါကွာ။

သက်ရည် ။ ကောင်းပါပြီ သူငယ်ချင်း၊ လာ ရှေ့ခုံတန်းမှာထိုင်စကားပြော ရအောင်။

စွမ်းရည် ။ အေး အေး။ လတ်တလောကွာ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အဖြစ်အပျက်တွေ၊ Attention တွေနဲ့ သူငယ်ချင်းရဲ့အမြင်ကို ပထမဆုံးသိချင်တယ်ကွ။

သက်ရည် ။ အေး သူငယ်ချင်း သည်အကြောင်းတွေမပြောခင် မြန်မာ့တပ်မတော်အကြောင်းကို ပြောချင်တယ်ဟေ့။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ ပြည်သူ့အရေးနဲ့ပတ်သက်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုတာကို လက်ကိုင်ထားတာကွ။ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကိုလည်း တပ်မတော်အစိုးရကပဲ ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေအရ ဆောင်ရွက်ခြင်းနည်းလမ်းတွေအတိုင်း နိုင်ငံရေးယဉ်ကျေးမှုအပြည့်နဲ့ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းအသွင်ကူးပြောင်းပေးခဲ့တာ အားလုံးအသိပဲလေ။

စွမ်းရည် ။ အေး သူငယ်ချင်းပြောမှ သတိထားမိတယ်ဟေ့။ ဆက်ပါဦးကွ။

သက်ရည် ။ ဒို့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းပြီး ကြားဖြတ် ရွေးကောက်ပွဲအပါအဝင် ရွေးကောက်ပွဲလုပ်တာ ၄ ကြိမ်ရှိပြီလေ။ သည်ရွေးကောက်ပွဲတွေကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာ အများအသိပဲလေ။

စွမ်းရည် ။ ဟုတ်တယ်လေ၊ သူငယ်ချင်းရာ၊ ရွေးကောက်ပွဲတိုင်း အငြင်းပွားမှု ရှိနေတာပဲ၊ ခုကရောကွ။

သက်ရည် ။ မတူဘူး သူငယ်ချင်းရဲ့။ ပြီးခဲ့တဲ့ အငြင်းပွားမှုတွေက သာမန်အငြင်းပွားဖွယ်ရာအဆင့်တွေ။ အငြင်းပွားမှုတွေ၊ ကန့်ကွက်မှုတွေကိုလည်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်နဲ့ တာဝန်ရှိသူတွေက ဥပဒေနဲ့အညီ ပွင့်လင်းမြင်သာစွာနဲ့ ဖြေရှင်းပေးခဲ့တယ်ကွ။ အဲဒီလို ဖြေရှင်းပေးခဲ့လို့လည်း တိုင်ကြားတဲ့သူရော၊ စောဒကတက်တဲ့သူပါ ကျေနပ်လက်ခံခဲ့ကြတယ်လေ။

စွမ်းရည် ။ အခု တို့နိုင်ငံကသွားနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဟာ ဒီစနစ်ရဲ့ အသက်ပဲမဟုတ်လား ကွ။

သက်ရည် ။ သိပ်မှန်တာပေါ့ သူငယ်ချင်းရာ။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မှသာ ပြည်သူတွေရဲ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ် ပေါ်လွင်မှာပေါ့ကွာ၊ ဒို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ မှာလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်လို့ ပြဋ္ဌာန်းထားတယ် မဟုတ်လား။

စွမ်းရည် ။ အခုကျင်းပပြီးစီးခဲ့တဲ့ ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမှာရော လွတ်လပ်ပြီးတရားမျှတမှုရှိတယ် မဟုတ်ဘူးလား သူငယ်ချင်း။

သက်ရည် ။ သူငယ်ချင်း ငါပြောပြမယ်။ ရွေးကောက်ပွဲပြီးလို့ ရရှိတဲ့ မဲစာရင်းတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းတွေ ထုတ်ပြန်ကြေညာတယ်။ အဲဒီလိုကြေညာတဲ့ မဲစာရင်းတွေကို တပ်မတော်က တိုက်ဆိုင်စစ်ဆေးကြတဲ့ အခါမှာ နိုင်ငံမှာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ သန်းရှိတဲ့အထဲမှာ ၁၀ သန်း ၄ သိန်းကျော် မဲပေးတဲ့ လူဦးရေအားဖြင့်ဆိုရင် တော့ ၄ ပုံ ၁ ပုံ ရာခိုင်နှုန်းနဲ့ ဆိုရင် ၂၅ ရာခိုင်နှုန်းကျော်လောက်ထိကို မဲမသမာမှု ဖြစ်နိုင်တယ်လို့ တပ်မတော်က ပြောနေတာတွေ့ရတယ် သူငယ်ချင်း။

စွမ်းရည် ။ ဟာ သူငယ်ချင်းရ၊ မဲစာရင်းမသမာမှုအရေအတွက်က အဲဒီလောက်အထိတောင် မှားရလား ကွ။

သက်ရည် ။ အေးကွ၊ အဲဒါကြောင့်မို့လို့လည်း တပ်မတော်ဘက်က ဒီလို မှားယွင်းမှုဟာ သာမန်မဖြစ်နိုင်ဘူးလို့ ပြောနေတာပေါ့။

စွမ်းရည် ။ ဒီလောက်ပမာဏဆိုရင်တော့ တပ်က ပြောနေတာဟာ မှန်တာပေါ့ သူငယ်ချင်းရယ်၊ အဲဒီလောက်အထိ အရေအတွက်ရှိမှတော့ သာမန်မှားတာတော့ ဘယ်ဟုတ်ပါ့မလဲကွ။ ရည်ရွယ်ချက်ရှိရှိ လုပ်သလိုကိုဖြစ်နေပြီဟေ့။

သက်ရည် ။ အေးကွ။ ဒါကြောင့်လည်း တပ်မတော်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်တွေကို ရွေးကောက်ပွဲမကျင်းပမီမှာ ၂ ကြိမ် ထုတ်ပြန်ခဲ့သလို ရွေးကောက်ပွဲ ကျင်းပပြီးချိန်မှာလည်း ၄ ကြိမ်နဲ့ စုစုပေါင်း ၆ ကြိမ်အထိ တရားဝင်ထုတ်ပြန်ခဲ့တာပေါ့။ ရွေးကောက်ပွဲအပြီးမှာလည်း မဲစာရင်းနဲ့ပတ်သက်လို့ သူတို့ရဲ့စစ်ဆေးတွေ့ရှိချက်တွေကို စာရင်းဇယားတွေနဲ့ အကြိမ် ၃၀ အထိ အကြိမ်ကြိမ် အလီလီ ထုတ်ပြန်ခဲ့တာ သူငယ်ချင်း သတိမထားမိဘူးလားကွ။

စွမ်းရည် ။ သူငယ်ချင်းအပြောအရဆိုရင်တော့ တပ်မတော်က သူ့မှာ အထောက်အထားအခိုင်အလုံတွေရှိလို့ ထုတ်ပြန်နေတာတော့ သေချာတာအမှန်ပဲလို့ ဆိုနိုင်ပါရဲ့ကွာ။

သက်ရည် ။ ဒါတင်ဘယ်ကမလဲ သူငယ်ချင်းရယ်၊ မကြာသေးခင်ကမှ လုပ်ခဲ့တဲ့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့သတင်းစာ ရှင်းလင်းပွဲမှာလည်း စာအုပ်စာတမ်း ပေါင်း ၁၃၄၁ အုပ်၊ မဲစာရင်းစစ်ဆေးခဲ့တဲ့ ကွန်ပျူတာစနစ်စတာတွေကို ပြည်တွင်း မီဒီယာတွေသာမက ပြည်ပမီဒီယာ ၅၀ ကျော်ရဲ့ ရှေ့မှောက်မှာ အထောက်အထားတွေနဲ့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခဲ့တာ သူငယ်ချင်းလည်း မြင်ရတာပဲမဟုတ်လား။

စွမ်းရည် ။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်/မဖြစ်ဆိုတာ ဘယ်အချက်တွေ၊ ဘာတွေနဲ့ကြည့်ရင် သိနိုင်မလဲ သူငယ်ချင်းရဲ့။

သက်ရည် ။ သူငယ်ချင်းပြောသလို လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်/မဖြစ်ဆိုတာ ရွေးကောက်ပွဲကျင်းပတဲ့ ရက်တစ်ရက်တည်းကို ကြည့်ယုံနဲ့ ဘယ်သိနိုင်မှာလဲကွာ။ ရွေးကောက်ပွဲအကြို လှုပ်ရှားမှုကာလ၊ ရွေးကောက်ပွဲကျင်းပပြီးတဲ့ ကာလတွေမှာလည်း လွတ်လပ်ပြီး တရားမျှတမှုတွေ ရှိ/မရှိ၊ သံသယကင်းစွာနဲ့ သန့်ရှင်းမှု ရှိ/မရှိ တွေကို သုံးသပ်ကြည့်ရှုနိုင်မှပဲ သိနိုင်မှာပေါ့ကွာ။

စွမ်းရည် ။ မဲမသမာမှုတွေနဲ့ပတ်သက်ပြီး နိုင်ငံရေးပါတီတွေဘက်ကလည်း ထုတ်ပြန်မှုတွေ မရှိဘူးလား။ ဒါသူတို့နဲ့ဆိုင်တာလေ မဟုတ်ဘူးလား။

သက်ရည် ။ ရှိတာပေါ့ သူငယ်ချင်းရဲ့၊ နိုင်ငံရေးပါတီ ၂၀ က ကြေညာချက် ၂၆ စောင် ထုတ်ပြန်ပြီးတော့ ခုလို မဲမသမာမှုဖြစ်နေတဲ့ စာရင်းတွေကို မရှင်းလင်းနိုင်သေးတဲ့ကာလမှာ တတိယအကြိမ် လွှတ်တော်ကျင်းပရေးကို ဆိုင်းငံ့ထားပေးဖို့ တောင်းဆိုခဲ့ကြတယ်လေ။

စွမ်းရည် ။ အော် အဲဒီလိုလား၊ ရွေးကောက်ပွဲကော်မရှင်ရဲ့မဲရလဒ်တွေ အပေါ်မှာ မဲပေးတဲ့ပြည်သူတွေကရော မတုံ့ပြန်ကြဘူးလား သူငယ်ချင်း။

သက်ရည် ။ ရှိတာပေါ့ သူငယ်ချင်းရဲ့၊ ရွေးကောက်ပွဲအပြီး ၁၀-၁၁-၂၀၂၀ ရက်ကနေ ၂၈-၁-၂၀၂၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိတဲ့မြို့နယ် ၉၇ မြို့နယ်မှာ ဆန္ဒဖော်ထုတ်မှု ၁၁၇ ကြိမ် ပြုလုပ်ခဲ့ကြတာကို တွေ့ရတယ်ကွ။

စွမ်းရည် ။ အော် အဲဒီလောက်တောင်လား၊ သေချာတောင် သတိမထားမိပါဘူးကွာ၊ မဲစာရင်းနဲ့ပတ်သက်ပြီး တပ်မတော်ရဲ့ထုတ်ပြန်ချက်တွေအပေါ် သူငယ်ချင်း ဘယ်လိုယူဆသလဲ။

သက်ရည် ။ တပ်မတော်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာမယ်၊ ဒါ့အပြင် ရွေးကောက်ပွဲကိုလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့အတွက် ဥပဒေပြဋ္ဌာန်းချက်တွေကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးခဲ့တယ်ကွ။ သူတို့ရဲ့ ထုတ်ပြန်ချက်တွေကိုလည်း မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ သတင်းစာ၊ ရုပ်မြင်သံကြား၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး Website နဲ့ လူမှုကွန်ရက် စာမျက်နှာတွေမှာလည်း တရားဝင် ထုတ်ပြန်ပေးနေတာတွေ တွေ့ရတယ်။

စွမ်းရည် ။ မီဒီယာတွေကရော အခုလိုကာလမှာ ထုတ်ပြန်ချက်တွေ မလုပ်ကြဘူးလားကွ။

သက်ရည် ။ ထုတ်ပြန်ချက်တွေတော့လုပ်တာပေါ့ကွာ၊ ဒါပေမယ့် သူတို့က သူတို့လိုရာဆွဲပြီး သတင်းရဲ့ရည်ရွယ်ချက်နဲ့ အချက်အလက်အများတွေကို ထုတ်ပြန်ခဲ့ကြတာတွေ့ရတယ်ကွ။ VOA သတင်းဌာနဆိုရင် တပ်မတော်အနေနဲ့ ရွေးကောက်ပွဲရလဒ်တွေ ပြောင်းသွားစေဖို့အတွက် အင်အားသုံးမခြိမ်းခြောက်ဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူက ပြောတယ်ဆိုပြီး ဖော်ပြထားပေမယ့် အမှန်တကယ် ပြောကြားခဲ့ခြင်းမရှိတဲ့ မမှန်သတင်းကို ထုတ်လွှင့်ခဲ့သေးတယ်လေ။

သူရ(ပန်းရော)၊ ဝဏ္ဏ(တောင်ကြီး)

စွမ်းရည် ။ တပ်မတော်ရဲ့ထုတ်ပြန်ချက်တွေထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် သဘောထားရော ပါရဲ့လား သူငယ်ချင်း။

သက်ရည် ။ ပါတာပေါ့ သူငယ်ချင်း။ တပ်မတော်ရဲ့ ပထမဆုံး Statement ကို ရွေးကောက်ပွဲမကျင်းပမီ ၂-၁၁-၂၀၂၀ ရက်မှာ ထုတ်ပြန်ခဲ့တယ်။ အဲဒီ ထုတ်ပြန်ချက်မှာ ရွေးကောက်ပွဲအကြို၊ကာလမှာ ဖြစ်ပေါ်နေတဲ့အခြေအနေတွေ၊ ရွေးကောက်ပွဲကော်မရှင်က တည်ဆဲဥပဒေတွေကို ကျော်လွန်ပြီး ညွှန်ကြားချက်အမျိုးမျိုး ထုတ်ပြန်ဆောင်ရွက်နေမှုတွေ၊ ကြိုတင်မဲပေးတဲ့အချိန်မှာ ကြံ့တွေ့ရတဲ့ ဥပဒေနဲ့မညီညွတ်မှုတွေတွေ့ရလို့ ဒါနဲ့ပတ်သက်ပြီး UEC နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို သဘောထားထုတ်ပြန်ခဲ့တယ်။ အဲဒီနေ့မှာပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း သဘောထားထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သေးတယ်ကွ။ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ကတော့ ဒေသခံတိုင်းရင်းသားပြည်သူတွေအပေါ် မခြိမ်းခြောက်ဖို့ သူတို့နဲ့ Inline မဖြစ်တဲ့ပါတီ၊ သဘောထားမတိုက်ဆိုင်တဲ့ နိုင်ငံရေးပါတီတွေကို သူတို့နယ်မြေအတွင်း ဝင်ရောက်မဲဆွယ်စည်းရုံး လှုပ်ရှားခွင့်ရရှိရေး ဆောင်ရွက်ပေးဖို့အတွက် သဘောထား ထုတ်ပြန်ကြေညာခဲ့တာ တွေ့ရတယ် သူငယ်ချင်း။

စွမ်းရည် ။ တပ်မတော်က ရွေးကောက်ပွဲကော်မရှင်ကို ဘာအကြောင်းကြောင့် မဲစာရင်းကူးယူခွင့် တောင်းခံတာလဲကို သိလား သူငယ်ချင်း၊ ပြောပါဦးဟ။

သက်ရည် ။ အဓိကပြည်သူတွေအတွက် ရှုးရှုတယ်လို့ ပြောရမယ်ကွ။ မဲစာရင်းကူးယူခွင့်တောင်းတာကလည်း သက်သေခံဥပဒေပုဒ်မ ၇၄ နဲ့ ၇၆ အရ မဲစာရင်းစာရွက်စာတမ်းတွေ ကူးယူခွင့်ကိုပဲ တောင်းခံခဲ့တာပဲ။ တပ်မတော်သားတွေဟာ ပြည်သူတစ်ယောက်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်ကို တိကျစွာလိုက်နာပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ တပ်တွင်းမဲရုံတွေမထားဘဲ ရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အတိုင်း တပ်ပြင်ပမှာရှိတဲ့မဲရုံတွေမှာပဲ မဲပေးခဲ့ကြတယ်လေ။ ဒါကြောင့်လည်း နိုင်ငံသားတစ်ဦးရဲ့ ရပိုင်ခွင့်ကို ဥပဒေနဲ့အညီ တောင်းခံခဲ့တယ်လို့ တပ်မတော်ကပြောခဲ့တာ။ အဲဒီလို တောင်းခံတဲ့စာရွက်စာတမ်းတွေဟာ လျှို့ဝှက်စွာသိမ်းဆည်းထားရမယ့် စာရွက်စာတမ်းမဟုတ်ဘူး သူငယ်ချင်း။ သက်ဆိုင်ရာ မဲရုံအလိုက် ကြော်ငြာသင်ပုန်းတွေမှာ အများပြည်သူသိရှိအောင် ကပ်ထားရတဲ့ စာရွက်စာတမ်းတွေကွ။ ထူးပြီးတောင်းခံတာ မဟုတ်ပါဘူး သူငယ်ချင်းရာ။

စွမ်းရည် ။ သူငယ်ချင်း အပေါ်မှာပြောခဲ့သလို တတိယအကြိမ်လွှတ်တော်ကျင်းပဖို့ခေါ်ယူတာကို ခေတ္တဆိုင်းငံ့ထားဖို့ တင်ပြခဲ့သလို ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူပေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေကလည်း တင်ပြခဲ့တယ်လို့ ကြားမိသေးတယ်ကွ။

သက်ရည် ။ မှန်တယ် သူငယ်ချင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တွေအပါအဝင် နိုင်ငံရေးပါတီတွေက လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၃ ဦးတို့ဟာ အခြေခံဥပဒေနဲ့အညီ ၁၁-၁-၂၀၂၁ ရက်မှာ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ရဲ့ အထူးအစည်းအဝေးကို ခေါ်ယူပေးဖို့ တင်ပြခဲ့ကြတယ်။ အဲဒီလို တောင်းဆိုတာဟာ အခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့အညီ လွှတ်တော်အမတ် ၄ ပုံ ၁ ပုံက တောင်းဆိုလာပါက ကျင်းပပေးရမည် (Must Be)လို့ ပြဋ္ဌာန်းထားတာကို တောင်းဆိုခဲ့တာပဲ သူငယ်ချင်းရဲ့။

စွမ်းရည် ။ တပ်မတော်သားတွေနဲ့ မှီခိုသူမိသားစုဝင်တွေ ဘယ်လိုမဲပေးခဲ့ကြတယ်ဆိုတာကို ရှင်းပြပါဦး သူငယ်ချင်း။

သက်ရည် ။ ဒီနေရာမှာ တပ်မတော်သားတွေနဲ့ မှီခိုသူမိသားစုဝင်တွေဟာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ၂၀၁၅ ရွေးကောက်ပွဲတွေမှာ တပ်တွင်း မဲရုံတွေမှာပဲ လွတ်လပ်တရားမျှတစွာ မဲပေးခဲ့ကြပေမယ့်၊ ၂၀၂၀ ရွေးကောက်ပွဲကျတော့ တပ်တွင်းမဲရုံတွေကို တပ်ပြင်ပထုတ်ပေးရမယ်ဆိုတဲ့ UEC ရဲ့တောင်းဆိုချက်အတိုင်း တပ်မတော်သားတွေနဲ့ မှီခိုသူမိသားစုဝင်တွေဟာ တပ်ပြင်ပမဲရုံတွေမှာ ပြည်သူတွေနဲ့အတူ လွတ်လွတ်လပ်လပ် မဲပေးခဲ့ကြတယ် သူငယ်ချင်း။

စွမ်းရည် ။ မဲစာရင်းတောင်းခံတာနဲ့ပတ်သက်ပြီး ဆက်ရှင်းပြပါဦး သူငယ်ချင်း။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

သက်ရည် ။ ဒီလိုကွ။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ-၁၅ အရဆိုရင် မဲပေးခဲ့တဲ့မည်သူမဆို မဲစာရင်းကူးယူခွင့်အား တစ်စောင်လျှင် ၂၅ ကျပ်နှုန်းဖြင့် ကူးယူခွင့်ပြုရမည်ဆိုပြီး အရင်ကတည်းက ပြဋ္ဌာန်းထားတာရှိတယ်ကွာ၊ အဲဒါကြောင့် မဲစာရင်းကူးယူခွင့်တောင်းဆိုတာဟာ တပ်မတော်သားတစ်ဦးအနေနဲ့ရော မဲဆန္ဒရှင်တစ်ဦးအနေနဲ့ပါ ဥပဒေနဲ့အညီ တောင်းဆိုတာ ဖြစ်တယ်လို့ ပြောတာပေါ့။

စွမ်းရည် ။ သူငယ်ချင်း အခုလိုရှင်းပြမှပဲ သဘောပေါက်တော့တယ်၊ ဒါနဲ့ တပ်မတော်ရဲ့ နောက်ဆုံးထုတ်ပြန်ချက်မှာပါတဲ့ ဖော်ပြချက်တွေကိုလည်း ထပ်ရှင်းပြပါဦး သူငယ်ချင်းရဲ့။

သက်ရည် ။ ဒီနောက်ဆုံးထုတ်ပြန်ချက်ကတော့ အရေးအကြီးဆုံးထုတ်ပြန်ချက်တစ်ခုလို့ ငါထင်တယ် သူငယ်ချင်း။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီထုတ်ပြန်ချက်မှာ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို ပြန်သုံးသပ်ထားတဲ့ တပ်မတော်ရဲ့ သဘောထားကို ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်လို့ပဲ။ အဲဒီသဘောထားထုတ်ပြန်ချက်မှာ အချက် ၄ ချက်ရှိတယ်လို့ ငါတော့ထင်တယ်။ ပထမဆုံးအချက်ကတော့ တပ်မတော်ရဲ့ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိမှုတွေအရ မဲသမာမှုဖြစ်နိုင်တဲ့ စာရင်းတွေထုတ်ပြန်ရခြင်းဟာ လွတ်လပ်ပြီး တရားမျှတတဲ့၊ ပွင့်လင်းမြင်သာတဲ့ အထွေထွေရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုလိုတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဖြေရှင်းပေးဖို့ ဆိုတာရယ်၊ ဒုတိယအချက်အနေနဲ့ လွတ်လပ်ပြီး တရားမျှတ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲရလဒ်ဖြစ်တယ်ဆိုတာကို ထုတ်ဖော်ပြသပေးနိုင်မယ်ဆိုရင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်စေမှာဖြစ်တဲ့အတွက် တပ်မတော်နဲ့ အခြားနိုင်ငံရေးပါတီတွေကလည်း ပြည်သူ့ဆန္ဒနဲ့အညီ လက်ခံသွားမယ်ဆိုတာရယ်၊ တတိယအချက်အနေနဲ့ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး ပြည်ထောင်စုလွှတ်တော် ဒါမှမဟုတ် နိုင်ငံတော်အစိုးရ ဒါမှမဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နည်းလမ်းရှာဖြေရှင်းပေးဖို့ သဘောထားထုတ်ပြန်တာဖြစ်တယ်ဆိုတာရယ်၊ စတုတ္ထအချက်အနေနဲ့ကတော့ တပ်မတော်က နိုင်ငံရေးယဉ်ကျေးမှု၊ ဥပဒေနဲ့အညီ ဥပဒေဘောင်ကိုတစ်ခုမှ မကျော်လွန်ဘဲ ဥပဒေဘောင်အတွင်းကပဲ တောင်းဆိုနေခြင်းဖြစ်တာကို နားလည်သဘောပေါက်ပေးစေလိုတယ်ဆိုတာရယ်ပဲကွ။ တောင်းဆိုချက်တွေကိုလည်း Public မှာ အများပြည်သူသိရှိအောင် တရားဝင် ထုတ်ပြန်ခဲ့တယ်လေ။

စွမ်းရည် ။ ဒါဆိုရင် သူငယ်ချင်းရဲ့အပြောအရ တရားဝင်ထုတ်ပြန်ချက်တွေတင်မကဘဲ အခြားနည်းလမ်းတွေနဲ့လည်း ဆောင်ရွက်ခဲ့တာတွေလည်း ရှိတယ်ဆိုတဲ့သဘောလား သက်ရည်ရ။

သက်ရည် ။ အမှန်တကယ်ရှိတာပေါ့ သူငယ်ချင်းရာ၊ အဲဒီထုတ်ပြန်ချက်တွေထုတ်ပြန်ပြီးရက်ပိုင်းအတွင်းမှာပဲ နိုင်ငံတော်အဆင့် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဆီကို တပ်မတော်က အရာရှိကြီး ၂ ဦး စေလွှတ်ပြီး ဖြစ်ပျက်နေတဲ့အခြေအနေနဲ့ ပတ်သက်ပြီး ဖြေရှင်းပေးဖို့ ထပ်မံတင်ပြပြောဆိုခဲ့တယ်။ အဓိကကတော့ ကွာ ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က ဖြေရှင်းမပေးနိုင်ရင် အခြေခံဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပေးဖို့ တောင်းဆိုခဲ့တယ်လို့သိရတယ်ကွ။ ဒါကိုလည်း ငြင်းပယ်ခံခဲ့ရတယ်လို့ သိရတယ်။ ဒါကတော့ ဖြစ်စဉ်အကျဉ်းချုပ်လို့ ဆိုရတာပေါ့။ ဒီလောက်ဆိုရင် သူငယ်ချင်းအနေနဲ့ တပ်မတော်ရဲ့ ထုတ်ပြန်ချက် ၆ ခုမှာပါတဲ့ အကြောင်းအရာတွေနဲ့ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိလောက်ပြီလို့ ထင်ပါတယ်။

စွမ်းရည် ။ တပ်မတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ပေးဖို့တောင်းဆိုချက်ကို ငြင်းဆန်ခဲ့ရတော့ နောက်ထပ် ဘယ်လိုဆက်လုပ်သွားမယ်ဆိုတာကို သိချင်သေးတယ် သူငယ်ချင်း။

သက်ရည် ။ တပ်မတော်အနေနဲ့ ဘာဆက်လုပ်သွားမယ်ဆိုတာကို သတင်းစာရှင်းလင်းပွဲမှာ ရှင်းရှင်းလင်းလင်းပြောထားပြီးဖြစ်သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း ပြောထားခဲ့ပြီးသားကွ။ တပ်မတော်အနေနဲ့ အခြေခံဥပဒေအပါအဝင် အခြေခံဥပဒေနဲ့မဆန့်ကျင်တဲ့ တည်ဆဲဥပဒေတွေကို လိုက်နာဆောင်ရွက်သွားမယ်လို့ အတိအလင်းပြောကြားထားတယ် သူငယ်ချင်း။

စွမ်းရည် ။ အခုလို အချိန်ပေးပြီးတော့ တစ်ချက်ချင်း ရှင်းပြပေးတဲ့ သူငယ်ချင်းကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ တချို့ပြောဆိုမှုတွေမှာပေါ့ အခြေခံဥပဒေကို ဖျက်သိမ်းဖို့ ပြောဆိုနေတဲ့အတွက် စိုးရိမ်ပူပန်စရာတွေဖြစ်နေတယ်လို့ ကြားသိရတယ် သူငယ်ချင်း။

သက်ရည် ။ ဒါနဲ့ပတ်သက်ပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ပြောကြားချက်ကို မီဒီယာတွေအနေနဲ့ လိုရာဆွဲပြီး ရေးသားကြလို့ စိုးရိမ်ပူပန်ကြတာပါကွာ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားချက်က အခြေခံဥပဒေကို ဖျက်သိမ်းမယ်လို့ ဆိုလိုတာမဟုတ်ဘူးကွ။ တပ်မတော်ဟာ အခြေခံဥပဒေကိုလိုက်နာပြီး ပြည်သူကိုရှေးရှုတဲ့ တင်ပြတောင်းဆိုချက်တွေကို ဥပဒေနဲ့အညီ လုပ်ဆောင်နေတာဖြစ်တယ်၊ ဒီအချက်အပေါ်မှာ တစ်ဖက်အဖွဲ့အစည်းတွေအနေနဲ့ အခြေခံဥပဒေကို လျစ်လျူရှုပြီး အဓိပ္ပာယ်ကို လိုသလိုဖွင့်ဆိုနေကြတဲ့အတွက် ဥပဒေအတိုင်း လိုက်နာလုပ်ဆောင်နိုင်ခြင်းမရှိရင် အဲဒီဥပဒေကို ဘာလုပ်ဖို့လိုမလဲ။ ဖျက်ပစ်ဖို့ပဲ ရှိတော့တာပေါ့လို့ သင်တန်းသားအရာရှိကြီးတွေကို ဥပဒေရဲ့အရေးကြီးပုံနဲ့ ဆက်စပ်ပြီး ရှင်းလင်းပြောကြားခဲ့တာကွ။

စွမ်းရည် ။ ငါတို့ကတော့ကွာ သတင်းမီဒီယာတွေရဲ့ ဖော်ပြချက်တွေကို ဖတ်ပြီး တပ်မတော်ရဲ့သဘောထားကို ခန့်မှန်းနေရတာဟော့။ အခုတော့ သူငယ်ချင်းရှင်းပြလို့ တော်တော်လေးရှင်းသွားပါပြီ။

သက်ရည် ။ ကောင်းပါပြီ သူငယ်ချင်း၊ တစ်လက်စတည်း ပြောပြီးသားအချက် နှစ်ချက်ကိုပဲ ထပ်ဖြည့်ပြီး ပြောချင်သေးတယ်ကွ။ ပထမအချက်ကတော့ တပ်မတော်ရဲ့ထုတ်ပြန်ချက်တွေမှာ ခြိမ်းခြောက်ထားတဲ့စကားလုံး တစ်ခုမှ မပါရှိဘူး၊ ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲသွားအောင် ဆောင်ရွက်ပေးရမယ်လို့ တောင်းဆိုထားတာလဲမရှိဘူး၊ ဒါ့အပြင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကိုပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပွင့်လင်းမြင်သာစွာနဲ့ဖြေရှင်းပေးဖို့ကိုပဲ ဦးတည်တောင်းဆိုထားတာတွေ့ရတယ်ကွ။ ဒုတိယအချက်က တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိတဲ့ တည်ဆဲဥပဒေတွေကို ဆက်လက်လိုက်နာဆောင်ရွက်သွားမယ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ကပဲ စတင်လမ်းခင်းပေးခဲ့တာဖြစ်တယ်၊ လက်ရှိဆောင်ရွက်နေမှုတွေဟာ ပါတီစုံဒီမိုကရေစီစနစ် မယိမ်းယိုင်စေဖို့ ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာရယ်။ တတိယအချက်အနေနဲ့ မဲပေးပိုင်ခွင့်ရှိသူ ၃၈ သန်းထဲမှာ ၁၀ သန်းကျော်အထိ အမှားအယွင်းဖြစ်နေတာတွေဟာ နိုင်ငံတကာနဲ့ ကမ္ဘာမှာပါ ရွေးကောက်ပွဲရဲ့ပုံရိပ်ကို လွန်စွာထိခိုက်စေတဲ့အတွက် တပ်မတော်အနေနဲ့ဆောင်ရွက်နေရတာဖြစ်တယ်လို့ ပြောထားတာကွ။

စွမ်းရည် ။ ဟုတ်ပါပြီ သူငယ်ချင်းရာ၊ အခုလို ထိလွယ်ရှလွယ်အခြေအနေတစ်ခုမှာ အကောင်းဆုံးအဖြေရလဒ်ကို ရှာဖွေနိုင်တဲ့အထိ လမ်းကြောင်းမှန်နဲ့ ဆောင်ရွက်ပေးနိုင်ဖို့ မျှော်လင့်သလို အငြင်းပွားမှုတွေဖြစ်လာခဲ့ရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေတွေအတိုင်း အေးအေးချမ်းချမ်းဖြေရှင်းနိုင်ဖို့ မျှော်လင့်မိပါတယ် သူငယ်ချင်း။ အခုလိုအချိန်ပေးပြီး ရှင်းပြပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အချိန်လည်း တော်တော်လင့်နေပြီဆိုတော့ ပြန်ကြဦးစို့ သူငယ်ချင်း။

သက်ရည် ။ ဟုတ်ပါပြီ သူငယ်ချင်း၊ အခုလိုအချိန်ပေးပြီး နားထောင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောင်လည်း အခွင့်ကြုံလျှင် ကြုံသလို ဆွေးနွေးကြတာပေါ့ သူငယ်ချင်းရာ။

ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးရွာ ကိုးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၇၈ သန်းဖြင့် ကျေးရွာ ကိုးရွာတွင် ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ဧန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာကိုးရွာအနက်မှ ရေတွင်းကုန်းလေးကျေးရွာ၊ သာယာကွင်း၊ လက်ခုပ်နှင့် ဘုရားချောင်းကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တွင်းနက်တူးဖော်ခြင်း၊ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ကိုးရွာမှ ပြည်သူ ၃၆၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေများ ရရှိသုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နန်းထိုက် (ကန်ကြီးထောင့်)

ဒလမြို့နယ်တွင် ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဖောက်လုပ်ပြီးစီးခဲ့သည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ဒလမြို့နယ်ရဲ့ချောင်းကျေးရွာအုပ်စု မင်းရွာဆိပ်ကြီးကျေးရွာနှင့် လက်ပန်ချောင်းကျေးရွာတို့အား ဆက်သွယ်ထားခြင်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရန် ကွင်းအမှတ် ၂၁၅ ရှိ လယ်ပိုင်ရှင် ခြောက်ဦးတို့က ၂၀၁၆ ခုနှစ်တွင် လျှဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အကျယ် ၁၀ ပေ၊ အရှည် ပေ ၃၅၀၀ ရှိ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖောက်လုပ်ခဲ့ပြီးသည့် မြေသားလမ်းကို ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်ရေးအတွက် လက်ပန်ချောင်းကျေးရွာနေ ပြည်သူအလှူရှင်များ၏ မတည်လှူဒါန်းငွေများဖြင့် အကျယ် လေးပေ၊ ဒု ငါးလက်မရှိ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းလျက်ရှိရာ အရှည်ပေ ၃၀၀၀ အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရဲ့ချောင်းကျေးရွာအုပ်စုတွင် မင်းရွာဆိပ်ကြီးကျေးရွာ၊ မင်းစု(နွားစု)ကျေးရွာ၊ ရဲ့ချောင်းကျေးရွာ၊ လက်ပန်ချောင်းကျေးရွာတို့ပါဝင်ပြီး ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ အမက သုံးကျောင်းရှိကာ လူဦးရေ ၅၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ဦး

မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

မအူပင် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၂)ရပ်ကွက် အဝေးပြေးကားလမ်းဘေးရှိ DENKO ဆီအရောင်းဆိုင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို မအူပင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဧန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် အခြေခံလုပ်ငန်းများနှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရန်အတွက် ပြင်ဆင်ထားရှိရမည့်အချက်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထွေးက အသိပညာပေးဟောပြောပြီး မီးလောင်မှုဖြစ်ပါက အခက်အခဲမရှိ ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရန် လက်တွေ့ပြသရာ DENKO ဆီဆိုင် တာဝန်ခံ ဦးလင်းခိုင်နှင့် တာဝန်ရှိသူများ၊ ဆိုအရောင်းဝန်ထမ်းများက ကိုယ်တိုင် ပါဝင် လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားအစီအစဉ်

လေးဝတီကျော်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ဖြစ်ပါသည်။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာ့အသံဟုဆိုလျှင် ကလေးလူကြီးကအစ မသိသူမရှိကြပါ။ ရေဒီယိုရှိလျှင် (သို့) ရေဒီယိုမှ ထုတ်လွှင့်ချက်များကို ကြားလိုက်ရလျှင် မြန်မာ့အသံနှင့် ရင်းနှီးပြီးသားဖြစ်နေကြသည်။ သတင်းစာကို နေ့စဉ်မဖတ်ရလျှင် မနေနိုင်သူ အများအပြားရှိသကဲ့သို့ ရေဒီယိုကို တစ်နေ့နာမထောင်ရလျှင် မနေနိုင်သူများ ကျွန်တော်တို့နိုင်ငံတွင် အများအပြားရှိနေကြသည်။** ဤမျှအထိ သောတရှင်များကို စွဲမက်ဖမ်းစားနိုင်သော မြန်မာ့အသံ (ဝါ) ယနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်တာများကို ပြည့်ပြည့်စုံစုံ သိရှိသူနည်းပါးကြပါမည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်

(၁) အသံလွှင့်ဌာနခွဲ၊
(၂) ရုပ်မြင်သံကြားဌာနခွဲ၊
(၃) စက်မှုဌာနခွဲ၊
(၄) စီမံဌာနခွဲ၊
(၅) ရုပ်မြင် (အင်္ဂလိပ်) ဌာနခွဲ (MITV) ဟု ဌာနခွဲငါးခု ရှိသည့်အနက် တိုင်းရင်းသားအစီအစဉ်သည် အသံလွှင့်ဌာနခွဲ၏ ဌာနစီတ်တစ်ခုဖြစ်သည်။ ဤဌာနစီတ်တွင်

(၁) ကချင် အစီအစဉ်၊
(၂) ကယား အစီအစဉ်၊
(၃) စကောကရင် အစီအစဉ်၊
(၄) ပိုးကရင် အစီအစဉ်၊
(၅) ချင်း အစီအစဉ်၊
(၆) မွန် အစီအစဉ်၊
(၇) ရခိုင် အစီအစဉ်၊
(၈) ရှမ်း အစီအစဉ်တို့ပါဝင်သည်။

နိုင်ငံတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမြဲမပြတ် တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားအစီအစဉ်အနက်မှ ရှမ်းဘာသာ အစီအစဉ်နှင့် စကောကရင်အစီအစဉ်တို့ကို လွတ်လပ်ရေးကြိုးပမ်းစဉ်ကပင် အသံလွှင့်စေခဲ့ပြီး လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ဖော်ပြပါ အစီအစဉ်များအပြင် ကချင်ဘာသာ အစီအစဉ်၊ ပိုးကရင် အစီအစဉ်၊ ချင်းဘာသာ အစီအစဉ်တို့ဖြင့် သတင်းများကို တစ်ပတ်လျှင် တစ်ကြိမ်၊ မွန်ဘာသာ အစီအစဉ်နှင့် ရခိုင်ဘာသာ အစီအစဉ်တို့ဖြင့် ဟောပြောချက်များကို တစ်ပတ်လျှင် တစ်ကြိမ် ၁၀ မိနစ်စီ တိုးချဲ့ထုတ်လွှင့်ခဲ့ကြောင်း ယင်း အစီအစဉ်များအတွက် အသံလွှင့်သူများမှာ ဌာနမှ ခန့်ထားသော ဝန်ထမ်းများမဟုတ်ဘဲ ပြင်ပမှ ဘာသာစကား တတ်ကျွမ်းသူများက လာရောက်အသံလွှင့်ပေးခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အသံလွှင့်လုပ်ငန်းသည် သမိုင်းနှင့်အတူ ထက်ကြပ်မကွာ ပြောင်းလဲလာခဲ့သည်ဖြစ်ရာ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် အသံလွှင့်လုပ်ငန်း ပြုပြင်ပြောင်းလဲတိုးတက်မှုများ ရှိခဲ့သည်။ ယင်းတို့အနက် ထင်ရှားသောပြောင်းလဲမှုတစ်ရပ်မှာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ အမည်ထင်ရှားလူသိများခဲ့သော “ဗမာ့အသံ”ဟူသော အသံလွှင့်ဌာန၏ အမည်ကို “မြန်မာ့အသံ”ဟု ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲစေခဲ့သည်။ ထိုသို့ ပြောင်းလဲလာရုံသာမက ပြည်တွင်းဆူပူမှု နှိမ်နင်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအပြင် လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးရန် ရည်မှန်းချက်ထားကာ တပ်မတော်သားများနှင့် နယ်စပ်ဒေသများအတွက် အသံလွှင့်ပေးရန်စီစဉ်ခဲ့ပြီး မြန်မာ့အသံ တွဲဖက်အစီအစဉ်များကို ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ထုတ်လွှင့်နိုင်ခဲ့သည်။



တိုးချဲ့ထုတ်လွှင့်ခဲ့

ထိုအချိန်များတွင် မြန်မာ့အသံမှ တိုင်းရင်းသားလူမျိုးများအတွက် ရှမ်းဘာသာ အစီအစဉ်၊ စကောကရင်ဘာသာအစီအစဉ်၊ ကချင်ဘာသာ အစီအစဉ်များကို ထုတ်လွှင့်နေခဲ့ရာ ၁၉၅၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ချင်းဘာသာအစီအစဉ်နှင့် မွန်ဘာသာ အစီအစဉ်တို့ကို တိုးချဲ့ထုတ်လွှင့်ခဲ့သည်။ ၎င်းအပြင် တိုင်းရင်းသားလူမျိုးတို့၏ အကျိုးကို ရှေးရှုလျက် ပအိုဝ်းဘာသာ အစီအစဉ်နှင့် လားဟူဘာသာ အစီအစဉ်တို့ကို တစ်ဘာသာလျှင် ၁၀ မိနစ်စီ စတင်ထုတ်လွှင့်ပေးခဲ့သည်။ ထိုစဉ်က တာဝန်ထမ်းဆောင်ခဲ့သောသူများမှာ ရှမ်းဘာသာ အစီအစဉ်တွင် ဒေါ်လှထယ်၊ စကောကရင်ဘာသာ အစီအစဉ်တွင် စောမုဒိခိုင်၊ ပိုးကရင်ဘာသာ အစီအစဉ်တွင် မန်းထွန်းကြိုင်၊ ကချင်ဘာသာ အစီအစဉ်တွင် ဒေါ်အင်ဂျလင်းရွှိုင်း၊ ချင်းဘာသာ အစီအစဉ်တွင် ဒေါ်ဟန်နီကျော်ထွေး၊ မွန်ဘာသာ အစီအစဉ်တွင် ဒေါ်မိအုန်းကြည်၊ လားဟူဘာသာ အစီအစဉ်တွင် ဦးအောင်တင်ဖြစ်ပြီး ရှမ်းဘာသာ အစီအစဉ် ဒေါ်မေသင်းရီ (ကမ္ဘောဇမေသင်းရီ) တို့အား ဖြည့်စွက်ခန့်ထားခဲ့ကာ ဒေါ်လှထယ်က အစီအစဉ်ကြီးကြပ်ရေးမှူးတာဝန်ယူခဲ့သည်။

နိုင်ငံတော်သည် ဤဌာနအား ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေမှုပေးရန်ဟူသော ဆောင်ပုဒ်နှင့်အညီ လူထုဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်စေခဲ့ရာ စည်းလုံးညီညွတ်ရေးကို ရှေးရှုလျက် ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ကယားဘာသာ အစီအစဉ်ကို စတင်ထုတ်လွှင့်ပေးခဲ့သည်။ မွန်၊ ပအိုဝ်းနှင့် လားဟူ အစီအစဉ်တို့ကို ခေတ္တရပ်ဆိုင်းထားခဲ့သည်။ ဤသို့အားဖြင့် ထိုစဉ်က ပြည်နယ်ငါးခုကို ကိုယ်စားပြုသော ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းဘာသာ အစီအစဉ်တို့ကို ထုတ်လွှင့်ပေးခဲ့ခြင်းဖြစ်သည်။ (ကယားအစီအစဉ် အသံထုတ်လွှင့်သူမှာ ဦးသေးရယ် ဖြစ်သည်။)

ပြည်သူ့အတွက် မြန်မာ့အသံဟူသော ဆောင်ပုဒ်နှင့်အညီ လူထုဆက်သွယ်ရေးတာဝန်ကို အမြဲမပြတ် ဆောင်ရွက်နေသော မြန်မာ့အသံသည် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာ့အသံ (၂၅) နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့ပြင် မွန်ဘာသာ အစီအစဉ်နှင့် ရခိုင်ဘာသာ အစီအစဉ်တို့ကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ မြန်မာ့အသံ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့မှစ၍ တိုးချဲ့ထုတ်လွှင့်စေခဲ့ပြီး အသံလွှင့်ချိန်ကို အစီအစဉ်တစ်ဘာသာလျှင် မိနစ် ၃၀ စီ တိုးချဲ့ထုတ်လွှင့်စေခဲ့သည်။ ၎င်းအပြင် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့မှစပြီး တိုင်းရင်းသားအစီအစဉ်ကို နာရီလက်တံကဲ့သို့ အလှည့်ကျ ပြောင်းလဲသည့်စနစ်ဖြင့် နေ့စဉ် ညနေ ၄ နာရီမှ စတင် ထုတ်လွှင့်စေခဲ့ရာ တိုင်းရင်းသား အစီအစဉ် အသံလွှင့်ချိန်သည် ည ၈ နာရီတိတိတွင် ပြီးဆုံးသွားခဲ့သည်။ ထို့အပြင် တိုင်းရင်းသားအစီအစဉ်ကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့မှစပြီး အစီအစဉ် တစ်ဘာသာလျှင် ၁၅ မိနစ်တိုး၍ ၄၅ မိနစ် အစီအစဉ်ကို ထုတ်လွှင့်စေခဲ့ပြီး၊ အသံလွှင့်ချိန်ကို ညနေ ၄ နာရီအစား မွန်းလွဲ ၂ နာရီတွင် စတင်ထုတ်လွှင့်စေခဲ့ရာ အစီအစဉ် ရှစ်ဘာသာ အသံလွှင့်ချိန်သည် ည ရှစ်နာရီတွင် ပြီးဆုံးသွားခဲ့သည်။

နှစ်ကြိမ်ထုတ်လွှင့်ခဲ့

နိုင်ငံတော်သည် ၂၀၀၆ ခုနှစ်တွင် မြို့တော်ကို နေပြည်တော်ဟု သတ်မှတ်ပြီး အစိုးရဌာနရုံးများကိုလည်း နေပြည်တော်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်ဖြစ်ရာ အသံလွှင့်ဌာနကိုလည်း ၂၀၀၈ ခုနှစ် မတ်လတွင် နေပြည်တော် တပ်ကုန်းသို့ ပြောင်းရွှေ့စေခဲ့သည်။ တိုင်းရင်းသား အစီအစဉ်ကို ၂၀၀၉ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေပြည်တော် တပ်ကုန်းမှ စတင်ထုတ်လွှင့်စေခဲ့သည်။ တိုင်းရင်းသား အစီအစဉ် ရှစ်ဘာသာအပြင် “၀”ဘာသာ အစီအစဉ်ကို တိုးချဲ့ထုတ်လွှင့်ခဲ့ရာ တစ်ဘာသာလျှင် ၄၅ မိနစ်စီဖြင့် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီ ၄၅ မိနစ်အထိ ထုတ်လွှင့်ပေးခဲ့သည်။ နေပြည်တော် တပ်ကုန်းမှ (50-KW) လှိုင်းတိုစက်ဖြင့် (50.71) မီတာ၊ (5919 KHz) တို့မှ ထုတ်လွှင့်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစပြီး တိုင်းရင်းသားအစီအစဉ်ကို နံနက်ပိုင်း၊ မွန်းလွဲပိုင်းခွဲ၍ နှစ်ကြိမ်ထုတ်လွှင့်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် မူလအစီအစဉ် ကိုးဘာသာရှိခဲ့ရာမှ မင်းတပ်ချင်း၊ ကိုးကန့်၊ ကယန်း၊ ဂေခို၊ ဂေဘား အစီအစဉ် ငါးခုကို တိုးချဲ့ထုတ်လွှင့်စေခဲ့ရာ အစီအစဉ် ၁၄ ခု အထိ တိုးတက်လာခဲ့သည်။ အသံလွှင့်ချိန်မှာ နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ တစ်ကြိမ် ထုတ်လွှင့်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းပြင် ပအိုဝ်းဘာသာအစီအစဉ်၊ ဓနုဘာသာအစီအစဉ်နှင့် အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခဲ့ရာ တိုင်းရင်းသားအစီအစဉ် စုစုပေါင်း ၁၇ ဘာသာထိရှိလာပြီး တစ်ဘာသာလျှင် အသံလွှင့်ချိန်ကို ၁ နာရီ မိနစ် ၃၀ ထိ သတ်မှတ်ထားရာ စုစုပေါင်း အသံလွှင့်ချိန်သည် ၂၅ နာရီ မိနစ် ၃၀ အထိဖြစ်သည်။

တိုင်းရင်းသား အစီအစဉ်မှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော အသံလွှင့်အစီအစဉ်များမှာ

- တနင်္သာရီနေ့တွင် သတင်း၊ ဇာတ်လမ်းပမာနားဆင်စရာ၊ သောတရှင်ပေးစာများ၊ ဟဒယရွှင်ဆေး (ပြိုးပဒေသာ) အစီအစဉ်
- တနင်္လာနေ့တွင် သတင်း၊ ဆောင်းပါး၊ ဆောင်ပုဒ်၊ တေးသီချင်းနှင့် ယဉ်ကျေးမှုကဏ္ဍ
- အင်္ဂါနေ့တွင် သတင်း၊ ရိုးရာပုံပြင်၊ အားကစားကဏ္ဍ၊ တွေ့ဆုံဆွေးနွေးခန်း
- ဗုဒ္ဓဟူးနေ့တွင် သတင်း၊ သောတရှင်လိုရာ၊ သုတပဒေသာကဏ္ဍ
- ကြာသပတေးနေ့တွင် သတင်း၊ ရိုးရာအစားအစာ၊ Talk in line အစီအစဉ်
- သောကြာနေ့တွင် သတင်း၊ ကျန်းမာရေးကဏ္ဍ၊ တေးသီချင်း အစီအစဉ်
- စနေနေ့တွင် သတင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် ဖွံ့ဖြိုးဝေစည် အစီအစဉ်တို့ကို ထုတ်လွှင့်ပေးလျက်ရှိသည်။ အချိန်ရလျှင် ရသကဲ့သို့ တွေ့ဆုံဆွေးနွေးခန်း (Interview)

အစီအစဉ်များကို ထုတ်လွှင့်ပေးရပြီး ပြည်သူလူထုအတွက် အကျိုးရှိမည့် အစီအစဉ်ကောင်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထုတ်လွှင့်ပေးလျက်ရှိသည်။

အသံလွှင့်လုပ်ငန်းသည် ခေတ်ကာလနှင့် လိုက်လျောညီထွေ ပြောင်းလဲလာခဲ့သည်ဖြစ်ရာ တိုင်းရင်းသား အစီအစဉ်သည်လည်း မူလ ၁၅ မိနစ် အစီအစဉ်မှ မိနစ် ၃၀ အစီအစဉ်၊ ယင်းမှ ၄၅ မိနစ် အစီအစဉ်၊ ယင်းမှ ၁ နာရီ အစီအစဉ်၊ ယခုအခါ ၁ နာရီ မိနစ် ၃၀ အစီအစဉ်တို့ကို အသီးသီးတိုးတက်ပြောင်းလဲလာခဲ့ပြီးဖြစ်သည်။ မူလပြည်နယ်ကြီး ငါးခု ကိုယ်စားပြုအစီအစဉ် ငါးခုမှ အစီအစဉ် ရှစ်ခု၊ ယင်းမှ အစီအစဉ် ကိုးခု၊ အစီအစဉ် ၁၄ ခုမှ ယခုအခါ အစီအစဉ် ၁၇ ခုထိ တိုးတက်လာခဲ့ပြီးဖြစ်သည်။ တာဝန်ထမ်းဆောင်သော အမြဲတမ်းဝန်ထမ်းသည် အစီအစဉ်တစ်ဘာသာလျှင် နှစ်ဦးမှ သုံးဦး၊ ယခုအခါ လေးဦးအထိ တိုးတက်လာခဲ့ပြီဖြစ်ရာ နေ့စားဝန်ထမ်း အပါအဝင် ဝန်ထမ်းဦးရေမှာ ၈၀ ကျော်ထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ဝန်ထမ်းအင်အား တိုးတက်လာသည်နှင့်အမျှ လုပ်ငန်းတာဝန် တိုးတက်လာပြီဖြစ်ရာ ယခုအခါ တိုင်းရင်းသား အစီအစဉ်တွင် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး၊ ဦးစီးအရာရှိ နှစ်ဦးတို့ဖြင့် တိုးတက်ခန့်ထား တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အမြဲလိုအပ်လျက်ရှိသည်ဖြစ်ရာ တိုင်းရင်းသားအစီအစဉ်သည် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ လူထုဆက်သွယ်ရေး မီဒီယာလုပ်ငန်းဖြင့် အထောက်အပံ့ဖြစ်စေရန် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

ရည်ညွှန်းချက်

၁။ ဦးကျော်ညိန်း (မာတလီ)၊ နှစ် (၃၀)မြန်မာ့အသံ
၂။ ခေတ်အဆက်ဆက် မြန်မာ့အသံ
၃။ တိုင်းရင်းသား အစီအစဉ်မှ မှတ်တမ်းများ

နိုင်ငံတော်သည် ၂၀၀၆ ခုနှစ်တွင် မြို့တော်ကို နေပြည်တော်ဟု သတ်မှတ်ပြီး အစိုးရဌာနရုံးများကိုလည်း နေပြည်တော်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သည်ဖြစ်ရာ အသံလွှင့်ဌာနကိုလည်း ၂၀၀၈ ခုနှစ် မတ်လတွင် နေပြည်တော် တပ်ကုန်းသို့ ပြောင်းရွှေ့စေခဲ့သည်။ တိုင်းရင်းသားအစီအစဉ်ကို ၂၀၀၉ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေပြည်တော် တပ်ကုန်းမှ စတင်ထုတ်လွှင့်စေခဲ့။

၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ"မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။



မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသူများ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်က အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသူများ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ နိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး AFEO မှ ပေးအပ်သော Honorary Fellow, Honorary Member, ASEAN Outstanding Engineering Achievement Award for 2020 ဆုရရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ Fellow Member ရရှိသူများ၊ JWES မှ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သို့ Business Transfer Approval Certificate to Federation of Myanmar Engineering Society & Myanmar Welding Engineering အသိအမှတ်ပြုလက်မှတ်ရရှိသူများ၊ AFEO မှ ပေးအပ်သော ASEAN Engineer လက်မှတ်ရရှိသူများ၊ AFEO မှပေးအပ်သော Associate ASEAN Engineer လက်မှတ်ရရှိသူများ၊ AFEO မှပေးအပ်သော ASEAN Teachnician လက်မှတ်ရရှိသူများ၊ AAET မှ ပေးအပ်သော Associate Fellow Awards ရရှိသူများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သို့ အလှူရှင်များက အလှူငွေ ၂၃၄၁၃၂၂၁၇ ကျပ်ကို ပေးအပ်ထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်များအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



ပုပ္ပေါမြို့နယ်၌ အခြေခံအိမ်ထောင်စု ၁၀၈ စုအား ထောက်ပံ့ငွေ ပေးအပ်

ပုပ္ပေား ဖေဖော်ဝါရီ ၁

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံလူတန်းစား ပုံမှန်ဝင်ငွေ မရှိသူများအတွက် နိုင်ငံတော်မှစတုတ္ထအကြိမ်အထိ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဖြစ်သော်လည်း ထောက်ပံ့ငွေများ လုံးဝမရရှိသေးသည့် ထပ်တိုးအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ပုပ္ပေါမြို့နယ် ရေနံသရက်ကုန်း ဟင်းအိုးချောင်းကျေးရွာများရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၈ စုထံသို့ ယနေ့ နံနက်ပိုင်းက ရေနံသရက်ကုန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်မှ ထပ်တိုးအိမ်ထောင်စုများအတွက် ထောက်ပံ့ပေးအပ်သည့် ငွေများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အတွင်း ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ရာ ဟင်းအိုးချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး မန်းကျော်သက်က အုပ်စုအတွင်းရှိ ထပ်တိုးအိမ်ထောင်စု ၁၀၈ စုအတွက် ငွေကျပ် ၂၁၆၀၀၀ အား ပြည်သူများ လက်ဝယ်အရောက် တစ်ဆင့်ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှမင်းထွန်း(ပြန်/ဆက်)

ညောင်ဦးမြို့နယ်ရှိ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများသို့ နှစ်ရက်အတွင်း သောက်သုံးရေဂါလန် ၂၁၄၀၀ သွားရောက်လှူဒါန်း

ပုဂံ ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ကျေးရွာများသို့ နှစ်ရက်အတွင်း သောက်သုံးရေဂါလန် ၂၁၄၀၀ ကျော်ကို မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းမှ ဧန်နဝါရီ ၃၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါက ရေအလှူရှင်များ၏ လှူဒါန်းငွေဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ သောက်သုံးရေများ အခက်အခဲကြုံနေရသည့် ပုဂံ-ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာ၊ ကန်ဇောက်ကျေးရွာ၊ ရွာလုကျေးရွာ၊ တောစွန်တဲတိုက်၊ ကန်နီကြီးတဲတိုက်၊ အင်ကြင်းမြိုင်တဲတိုက်နှင့် ညောင်တိုတဲတိုက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ရေဂါလန် ၂၁၄၀၀ ကျော် သွားရောက်လှူဒါန်းပြီး အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေပေးခဲ့ကြောင်း မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းမှ တာဝန်ရှိသူ ဦးအောင်ငြိမ်းက ပြောသည်။

မိုးနည်းရပ်ဝန်းဒေသ ဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံ-ညောင်ဦး ဒေသရှိကျေးလက်နေပြည်သူအများစုသည် နွေရာသီမတိုင်မီ ယခု ဆောင်းရာသီကာလမှာပင် သောက်သုံးရေအခက်အခဲ ကြုံနေရပြီဖြစ်ပြီး သောက်သုံးရေအလှူရှင်များနှင့် ပရဟိတအသင်းများကို အားထားနေကြရကြောင်း၊ သောက်သုံးရေများကို ပုဂံ-ညောင်ဦး မြို့နယ်အတွင်းရှိ သောက်သုံးရေ အခက်အခဲဖြစ်သည့် ကျေးရွာများမှ ချိတ်ဆက်အကူအညီ တောင်းခံလာပါက ကျေးရွာများ အရောက် ပေးပို့လှူဒါန်းပေးလျက်ရှိကြောင်း၊ သောက်သုံးရေ လှူဒါန်းလိုသူများအနေဖြင့် မြင့်မြတ်သူ စေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်း ဖုန်း ၀၉-၄၀၂၇၄၃၃၆၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အဆိုပါ ပရဟိတအသင်းမှ သိရသည်။

ဖေလိန်း(ပုဂံ)



ဒေသမျိုးရင်းမဟုတ်သည့် နိုင်ငံခြားမှ တင်သွင်းသည့် ငါးများကို သဘာဝရေပြင်များအတွင်းသို့ မလွှတ်ရန် တားမြစ်ထား

မကွေး ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံမှ ဒေသမျိုးရင်းငါးမဟုတ်ဘဲ နိုင်ငံခြားမှ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိလာသည့် ငါးမျိုးများကို သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ လွှတ်ခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားကြောင်း သိရသည်။

ပြည်ပမှငါးမျိုးစိတ်များကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူသိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝရေပြင်များအတွင်းသို့ လွှတ်ခြင်းတို့ကို ငါးမွေးမြူခြင်းဆိုင်ရာဥပဒေဖြင့် တားမြစ်ထားသည်။

"နိုင်ငံခြားကတင်သွင်းတဲ့ ဒေသမျိုးရင်းမဟုတ်တဲ့ စုပ်ခွက်ငါး၊ ပြည်ပငါးရုံ၊ အာဖရိကငါးခူနဲ့ ပီးကော့အလှမွေးငါးတွေကြောင့် ဒေသမျိုးရင်းငါးတွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ ရေနေဂေဟစနစ်တွေအပေါ် လွှမ်းမိုးပြီး ပျက်စီးပြုန်းတီးနိုင်တာကြောင့် သတိပေးတားမြစ်မှုတွေ လုပ်ဆောင်နေရပါတယ်" ဟု မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးလှိုင်မြင့်က ပြောသည်။

ပညာရှင်များ၏ လေ့လာချက်အရ Suckermouth catfish ဆိုသည့် စုပ်ခွက်ငါးဝင်ရောက်ပါက မွေးမြူရေးလုပ်ငန်းများ၌ အန္တရာယ်ကာ ဒေသငါးမျိုးစိတ်များ၏ မျိုးပွားမှုကိုအဟန့်အတားဖြစ်စေခြင်း၊ Toman Glant Snake-head ဆိုသည့် ပြည်ပငါးရုံနှင့် African catfish ဟုခေါ်သည့် အာဖရိကငါးခူတို့မှာ အသားစားကြူးပြီး ဒေသမျိုးရင်းငါးများကို စားသည့်အတွက် ငါးသယံဇာတ ပြန်းတီးနိုင်ခြင်း၊ Peacock bass ဟုခေါ်သည့် အလှမွေးငါးပီးကော့မှာ အစာများကို လျင်မြန်စွာစားသုံးနိုင်သည့် အသားစားငါးမျိုးဖြစ်ခြင်းတို့ကို တွေ့ရှိခဲ့ရကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ငါးသယံဇာတ မထိခိုက်စေရန် ၂၀၁၀ ပြည့်နှစ်ကစ၍ ပြည်ပငါးမျိုးစိတ် မွေးမြူခြင်းကို တားမြစ်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

မကွေးမြို့ရှိ အများပြည်သူ အပန်းဖြေနေရာ ကန်သာကန်နှင့် ကမ်းနားလမ်း ညောင်ကိုးပင်ဆိပ်တို့တွင် သတိပေး၊ တားမြစ်၊ နှိုးဆော်ချက်များ ရေးသားထားသည့် ဗီနိုင်းပိုစတာများကို ငါးဦးစီးဌာနက စိုက်ထူထားရှိပြီး ရေနံချောင်းမြို့နှင့် ချောက်မြို့နယ်တို့တွင်လည်း အလားတူ တားမြစ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဇေယျတု(မကွေး)

ကိုဗစ်အလွန်အဆင့်မြင့်ပညာရေးကဏ္ဍ (၁၅)
အလုပ်အကိုင်အခြေပြု အဆင့်မြင့်ပညာရေး

ဒေါက်တာမျိုးကြွယ်
(ဆင်ပေါင်ဝဲ)

ကိုဗစ်-၁၉ ရောဂါကြီးပြီးစီးသွားသည်ဖြစ်စေ၊ မပြီးစီးသေးလျှင်လည်းဖြစ်စေ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကို လိုက်နာ၍ စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် စီမံချက်ဖြင့် ပြုလုပ်လျက်ရှိနေပါသည်။ တချို့နိုင်ငံများမှာ ပုံစံသစ် (New Normal) ဖြင့် ပြန်လည်ဖွင့်လှစ်လျက်ရှိနေပါသည်။

၂၁ ရာစု ကိုဗစ်အလွန် အဆင့်မြင့်ပညာရေးတွင် အလုပ်အကိုင်ရရှိရေးကို အဓိကအခြေပြုသော အဆင့်မြင့်ပညာရေးဖြစ်ရမည့်အပြင် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းမှအစ ကမ္ဘာနှင့်မျက်ခြည်မပြတ်အောင် သတိထားရပါမည်။ နိုင်ငံတကာ အဆင့်မြင့်ပညာရေး ကျွမ်းကျင်ပညာရှင် (International Consultant of Tertiary Education) ဒေါက်တာ ဂျာမေးဆာလမီ (Dr. Jamil Salmi) ၏ အွန်လိုင်းကပို့ချသော ဧည့်သင်ခန်းစာပို့ချချက် (Visiting Lecture) မှ အတွေ့အကြုံအချို့ကို မျှဝေချင်ပါသည်။

ကမ္ဘာပေါ်တွင် မြေဧရိယာပေါများပြီး သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော ဘရာဇီးနိုင်ငံနှင့် နိုင်ငံ၏နေရာ တော်တော်များများတွင် တောင်ကုန်းများချည်းဖြစ်နေသော တောင်ကိုရီးယားနိုင်ငံကို နှိုင်းယှဉ်ပြသခဲ့ပါသည်။

ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၁၀ နှစ်ခန့်က အောက်ပါအလုပ်များကို မကြားဖူးပါဟု သူကရှင်းပြသွားပါသည်။

(က) ကွန်ပျူတာလုပ်ငန်းသုံးပရိဂရမ်တီထွင်ထုတ်လုပ်သူ (Application Developer)၊

(ခ) လူမှုကွန်ရက်မန်နေဂျာ (Social Meida Manager)၊

(ဂ) ခေတ်ဆန်သောမြို့၊ အဆောက်အအုံ ဗိသုကာပညာရှင် (Smart City/Smart Building Architect)၊

(ဃ) မောင်းသူမဲ့ကားတီထွင်သူအင်ဂျင်နီယာ (Driverless Car Engineer)၊

(င) လိုအပ်ချက်ကိုဖြည့်ဆည်းပေးသော ကွန်ပျူတာပညာရှင် (Cloud Computing Specialist)၊

(စ) စာရင်း၊ ဇယားများစွာ တွက်ချက်ပေးသောပညာရှင် (Big Data Analyst)၊

(ဆ) ရေရှည်တည်တံ့ခိုင်မြဲမှုရရန် ဆောင်ရွက်ပေးသော စီမံခန့်ခွဲသူ (Sustainability Manager)၊

(ဇ) မောင်းသူမဲ့လေယာဉ်ကျွမ်းကျင်သူ (Drone Operator) စသည်တို့ဖြစ်ပါသည်။

ကမ္ဘာပေါ်၌ ကိုဗစ်အလွန်ကာလများတွင် လက်ရှိသင်ကြားနေသော ဘာသာရပ်ပေါင်းစုံ၊ လက်ရှိလုပ်ကိုင်နေသော အလုပ်အကိုင်အမျိုးအစားပေါင်း ၇၀၀ ခန့် ပျောက်ကွယ်၊ ဆုံးရှုံးသွားလိမ့်မည်ဟု ခန့်မှန်းရပြီး အောက်ပါအလုပ်အကိုင်အသစ်များ ဖြစ်ထွန်းလာလိမ့်မည်ဟု ခန့်မှန်းရပါသည်။

အချက်အလက်များ	ဘရာဇီး	တောင်ကိုရီးယား
လူဦးရေ(သန်း)	၂၀၉	၅၂
လူတစ်ဦးချင်းဝင်ငွေ(အမေရိကန်ဒေါ်လာ)	၈၉၁၇	၃၃၂၂၀
ပညာရေးအသုံးအပေါ်စုစုပေါင်းရသုံးငွေ၏ရာခိုင်နှုန်း	၁၆.၂၂	၂၄.၉၈
၁၉၆၀အဆင့်မြင့်ပညာသင်ယူမှုရာခိုင်နှုန်း	၁.၂	၂.၆
၂၀၁၈အဆင့်မြင့်ပညာသင်ယူမှုရာခိုင်နှုန်း	၁၈.၄	၄၉.၀
သုတေသနနှင့်ဖွံ့ဖြိုးမှုအပေါ် စုစုပေါင်းပြည်တွင်းထုတ်ကုန်% ၏အသုံး	၁.၂၆	၄.၅၀
သိပ္ပံနှင့်သုတေသနပညာရှင် - တက္ကသိုလ် (%)	၇၂.၁	၃၂.၃
စီးပွားရေးလုပ်ငန်းများ(%)	၂၃.၁	၅၉.၀

ဤဇယားအရ ဘရာဇီးနှင့် တောင်ကိုရီးယားနိုင်ငံများသည် ၁၉၆၀ ပြည့်နှစ်ခန့်တွင် အဆင့်မြင့်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ရာခိုင်နှုန်းသည် သိပ်မကွာလှသော်လည်း (၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၆ ရာခိုင်နှုန်း) ၂၀၁၈ ခုနှစ်တွင် အဆင့်မြင့်ပညာရေးကို သင်ယူနေသောကျောင်းသား ကျောင်းသူ ရာခိုင်နှုန်းသည် သိသာစွာကွာခြားသွားသည်ကို တွေ့ရှိရပါသည် (၁၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၄၉ ဒသမ ၀ ရာခိုင်နှုန်း)။ သိပ္ပံနှင့် သုတေသနပညာရှင် (Scientists and Researchers) အများစုသည် ဘရာဇီး၌ တက္ကသိုလ်များတွင် ၇၁ ရာခိုင်နှုန်းရှိနေသော်လည်း တောင်ကိုရီးယားတွင်မူ လက်တွေ့လုပ်ကိုင်နေသော အစိုးရ၊ ပုဂ္ဂလိကကုမ္ပဏီများ (Private Companies)၊ စီးပွားရေးလုပ်ငန်းများ (Firms) တွင် သိပ္ပံနှင့်သုတေသနပညာရှင်များ ၄၉ ရာခိုင်နှုန်းအထိ များပြားစွာအလုပ်လုပ်နေသည်ကို ထူးခြားစွာ တွေ့မြင်ရပါသည်။

(က) ရိုဘော့/အသိဉာဏ်ဆိုင်ရာအီလက်ထရွန်နစ်ပညာ/ဆက်သွယ်ထိန်းချုပ်မှုဆိုင်ရာများ (Robotics/Intelligent Electronics/Cybernetics)၊

(ခ) လူ၏တစ်သျှူးအစိတ်အပိုင်းဆိုင်ရာနည်းပညာ (Organ and Human Tissue Technology)၊

(ဂ) ဒစ်ဂျစ်တယ် လုပ်ငန်းများထုတ်လုပ်ရေး (Digital Industrial Production)၊

(ဃ) မြို့ပြစိုက်ပျိုးရေး (Urban Agriculture)၊

(င) ဖြန့်ဝေနိုင်သောစီးပွားရေးပညာရှင်များ (Circular Economy Specialists)၊

(စ) ပင်လယ်ပြင်အနက်ပိုင်းဆိုင်ရာနည်းပညာ (Deep Ocean Technology)၊

(ဆ) ဘက်ထရီနည်းပညာ (Battery Technology)၊

(ဇ) နေရောင်ခြည်နှင့် လေစွမ်းအင်ဆိုင်ရာ နည်းပညာ (Solar and Wind Energy Technology) စသည်တို့ဖြစ်ပါသည်။

နေရောင်ခြည်စွမ်းအင်အသုံးပြုမှုနှင့်ပတ်သက်၍ ကျွန်တော်တို့အိမ်နီးချင်း စင်ကာပူနိုင်ငံမှခေါင်းဆောင်များ စဉ်းစားပုံကို အတုယူစေလိုပါသည်။ သူတို့နိုင်ငံသည် နောင်အနာဂတ်တွင် စွမ်းအင်လိုအပ်မှု များစွာလိုအပ်လာနိုင်၍ စင်ကာပူအမျိုးသားတက္ကသိုလ် (National University of Singapore - NUS) တွင် နေရောင်ခြည်စွမ်းအင်သုတေသနဌာန၊ သိပ္ပံ (Institute of Solar Energy) ကိုတည်ထောင်ရန် အတွက် နိုင်ငံခြားမှကျွမ်းကျင်သော သိပ္ပံပညာရှင်ကို ပါမောက္ခအဖြစ် နှစ်ရှည်ငှားရမ်းလိုက်ပြီး စင်ကာပူနိုင်ငံသားများအား လေ့ကျင့်သင်ကြားပေးကာ ပင်လယ်ထဲတွင်ပါ နေရောင်ခြည်စွမ်းအင်သုံးဆဲလ်များ (Photovoltaic Cells/Panels) ထားရှိ အသုံးပြုလျက်ရှိနေပါသည်။ နေရောင်ခြည်စွမ်းအင် သုတေသနကို စင်ကာပူဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံကာ သုတေသနပြုလုပ်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၄၃ ရာခိုင်နှုန်းကို နေရောင်ခြည်စွမ်းအင်မှ သုံးစွဲရန် ရည်မှန်းချက် (Great Target) ကြီးစွာထားရှိဆောင်ရွက်လျက်ရှိသည်ကို တွေ့နေရပါသည်။ တက္ကသိုလ်များမှ အသုံးချသုတေသန (Applied Research) ကို နိုင်ငံတော်စီမံကိန်း (Government Projects) များတွင် အသုံးချနေပုံကို အတုယူနိုင်ပါသည်။

အာဆီယံ (ASEAN) နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် အစိုးရ၊ ပုဂ္ဂလိကတက္ကသိုလ် ၁၄၀ ကျော်မှ သူနာပြုဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရ (Certificates)၊ ဒီပလိုမာ (Diploma)၊ ဘွဲ့ဒီဂရီ (Degree) များစွာမွေးထုတ်ပေးပြီး တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေ (Foreign Exchange - FE) ရရှိရန် နိုင်ငံတကာတွင်ထွက်အလုပ်လုပ်နေသော သူနာပြုပေါင်း နှစ်သန်းကျော်ရှိပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိနေကြောင်း ဖတ်ရှုလေ့လာရပါသည်။ အဆင့်မြင့်ပညာ သင်ကြားပေးသော တက္ကသိုလ်များမှ တိုင်းပြည်ဝင်ငွေတိုးအောင်ရှာဖွေပေးနေသည်ကို အတုယူနိုင်ပါသည်။

တစ်ဖန် အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း နှစ်စဉ် သန်း ၄၀ သော ကမ္ဘာလှည့်ခရီးသွားများ ဘာသာရပ်ပေါင်းစုံဥပမာ- ပတ်ဝန်းကျင်အခြေပြုကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Eco-Tourism)၊ စိုက်ပျိုးရေး အခြေပြုကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Agro-Tourism)၊ အားကစားအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Sport Tourism) စသည်ဖြင့် ပြည်တွင်း၊ ပြည်ပလာရောက်သူ ခရီးသွားများ စိတ်တိုင်းကျစေရန် တက္ကသိုလ်ကောလိပ် ၁၀၀ လောက်တွင်ရှိသော လူမှုရေးနှင့် လူမှုသိပ္ပံမဟာဌာန (Faculty of Humanities and Scoial Science)၊ အများနှင့်ဆက်သွယ်ရသောမဟာဌာန (Faculty of Mass Communication)၊ ဝိဇ္ဇာပညာမဟာဌာန (Faculty of Arts)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မဟာဌာန (Faculty of Economics/Business) အသီးသီးအောက်ရှိ ဟိုတယ်စီမံခန့်ခွဲမှုဌာနများ (Departments of Hotel Management)၊ ကမ္ဘာလှည့်ခရီးသွားဖွံ့ဖြိုးမှုဆိုင်ရာဌာန (Departments of Hospitality and Tourism Development) များမှ အဖြိုင်အဆိုင် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနေပြီး ဘွဲ့ရပညာတတ်များက ပြည်တွင်း၌ပင် အလုပ်လုပ်ကာ တိုင်းပြည်ဝင်ငွေရှာပေးနေသည့် လုပ်ငန်းကိုလည်း အားကျအတုယူနိုင်ပါသည်။

ရုရှားနိုင်ငံ သမ္မတက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ဉာဏ်ရည်တု (Artificial Intelligence- AI) နည်းပညာအွန်လိုင်းကွန်ဖရင့် (Online Conference) တွင် မိန့်ခွန်းပြောကြားရာ၌ သုတေသနဌာနအကြီးအကဲများ၊ တက္ကသိုလ်ပါမောက္ခများအနေဖြင့် ခေတ်နောက်ကျသော အတွေးအခေါ်များ၊ လုပ်ရိုးလုပ်စဉ်များနှင့် ပုံစံဟောင်းများကို ပြောင်းလဲသင်ကြားပေးပြီး သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာများ (Information and Communication Technology - ICT) နှင့် ဒစ်ဂျစ်တယ်လမ်းကြောင်းများသည် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာနိုင်ပါကြောင်း လမ်းညွှန်သွားသည်ကို ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်အလွန်ကာလများတွင် ကျွန်တော်တို့နိုင်ငံ၏ အဆင့်မြင့်ပညာသင် ဘာသာရပ်ပေါင်းစုံ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပေါင်းစုံမှ သင်ရိုးညွှန်းတမ်းများအား အသက်မွေးဝမ်းကျောင်းပညာများကို ဦးစားပေးကာ ကိုဗစ်အလွန်ကာလများ၌ ဗိုင်းပြည်ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးပြီး အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများမှ အရေးတကြီးလိုအပ်လျက်ရှိသော အလုပ်အကိုင်များအတွက် အဆင်သင့်ဖြစ်နေသော ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် အဆင့်မြင့်ပညာသင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက် ရပါသည်။ ။

သုတေသနဌာနအကြီးအကဲများ၊ တက္ကသိုလ်ပါမောက္ခများအနေဖြင့် ခေတ်နောက်ကျသော အတွေးအခေါ်များ၊ လုပ်ရိုးလုပ်စဉ်များနှင့် ပုံစံဟောင်းများကို ပြောင်းလဲသင်ကြားပေးပြီး သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာများနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်းများသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာနိုင်။

❍ ကျောဖုံးမှ

အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် အသင်းပေါင်း ၃၅ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိန္ဒိယ၊ ၂၀၁၈ ပြိုင်ပွဲချန်ပီယံ ဂျပန်၊ ဒုတိယဆုရ ဩစတြေးလျနှင့် တတိယဆုရ တရုတ်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲကို ပုံမှန်အရ ပြိုင်ပွဲဝင် ရှစ်သင်းဖြင့်သာ ကျင်းပလေ့ရှိသော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် ခြေစစ်ပွဲတွင် လက်ကျန်ရှစ်နေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် ခြေစစ်ပွဲ မအောင်ခဲ့သောကြောင့် လာမည့်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်အသင်းတိုးမြှင့်ထားပြီး အာရှနိုင်ငံများက ဝင်ခွင့်အရေအတွက် ပိုရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပထမဆုံးအကြိမ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန်အတွက်ပါ ရည်ရွယ်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ လေးကြိမ်တက်ရောက်ခဲ့ဖူးပြီး ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် သက်ဆိုင်ရာမှခွင့်ပြုချက်ရရှိပါက ဖေဖော်ဝါရီလအတွင်း စတင်လေ့ကျင့်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အာရှဖလားခြေစစ်ပွဲအပြင် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ၃၁ ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွှန့်

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ မတ် ၇ ရက်အထိ သက်တမ်းထပ်တိုးမည်



တိုကျို ဖေဖော်ဝါရီ ၁

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသည့်အတွက် မြို့တော်တိုကျိုနှင့် အခြားဒေသများတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်အခြေအနေကို မတ် ၇ ရက်အထိ သက်တမ်းထပ်တိုးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကယနေ့ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အခြေအနေနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်အခြေအနေ နောက်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရေးပေါ်အခြေအနေအရ မြို့တော်တိုကျိုနှင့် အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ကာနာဂါဝ၀ါ၊ ချီဘာနှင့် ဆိုင်တာမာအပါအဝင် အိုင်ချီ၊ ဂီဖူ၊ အိုဆာကာ၊ ကျိုတို၊ ဟီယိုဂိုနှင့် ဖူကွာကာပြည်နယ်တို့တွင် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဆက်လက်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် တိုကျိုမြို့မှ မြောက်ဘက်တွင် တည်ရှိသော တိုဂိုဇီပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေ သိသိသာသာ လျော့နည်းသွားသဖြင့် အသွားအလာကန့်သတ်မှုကို ဖြေလျှော့မည်ဖြစ်သလို အိုကီနာဝါပြည်နယ်တွင်လည်း အသွားအလာကန့်သတ်မှု ဖြေလျှော့မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဆူဂါသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အခြေအနေနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးတာဝန်ခံဝန်ကြီး ယာဆူတိရိုနိုရိုမူရာ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး နိုရီဟီဆာတာမူရာနှင့် အခြားအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် သတင်းထောက်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အစိုးရသတင်းရင်းမြစ်အရ သိရသည်။

ဂျပန်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ တစ်လကျော်အတွင်း နေ့စဉ်ရောဂါကူးစက်မှုနှုန်း အနည်းဆုံးဖြစ်ပြီး ဇန်နဝါရီ ၃၁ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၃ ဦးနှင့် နိုင်းယှဉ်ကြည့်ပါက ရောဂါကူးစက်မှုနှုန်း သိသိသာသာလျော့နည်းသွားကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၀၀၀၁ နီးပါးရှိပြီး ၎င်းတို့အနက် ၅၇၀၀ ကျော်သည် ထိုရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ကျိုဒိုနယူးစ်
ဘာသာပြန် - ဂျေတီ

အစ္စရေးခ္ဍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု သက်တမ်းတိုးမြှင့်



ဂျေရုဆလင် ဖေဖော်ဝါရီ ၁

အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သည့်အတွက် ဟစ်နိုင်ငံလုံးအဝိုင်း အတာဖြင့် ၃၆ ရက်ကြာ ချမှတ်ထားသော အသွားအလာကန့်သတ်မှုကို ယနေ့သက်တမ်းထပ်တိုးလိုက်သည်။

အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ရောဂါကူးစက်မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုကို သုံးကြိမ်တိုင်တိုင် ချမှတ်ခဲ့ပြီး နောက်ဆုံးကန့်သတ်ချက်ကို ယမန်နှစ် ဒီဇင်ဘာ ၂၇ ရက်က ချမှတ်ခဲ့ကာ လက်ရှိအချိန်အထိ ကျင့်သုံးလျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားနေသည့်အတွက် လက်ရှိအသွားအလာကန့်သတ်မှုကို အစ္စရေးအစိုးရအဖွဲ့က ဖေဖော်ဝါရီ ၅ ရက်အထိ သက်တမ်းထပ်တိုးလိုက်ခြင်းဖြစ်သည်။

လူဦးရေကိုးသန်းကျော် နေထိုင်သည့် အစ္စရေးနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၀၀ ကျော် တွေ့ရှိလျက်ရှိသည့်အတွက် ဝန်ကြီးချုပ် နေတန်ယာဟူ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အသွားအလာကန့်သတ်မှုကို ထပ်မံသက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အတိုက်အခံနိုင်ငံရေးသမားများသည် အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ချိုးဖောက်သူများအပေါ် ပြစ်ဒဏ်တိုးမြှင့်ချမှတ်မှသာလျှင် ယင်းကန့်သတ်ချက်ကို သဘောတူမည်ဟု ပြောကြားသည်။

အတိုက်အခံပါတီဝင်များသည် အထူးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့နေစဉ် ရောဂါထိန်းချုပ်ရေးအတွက် ချမှတ်ထားသည့် အစီအမံများအား မကြာခဏ ချိုးဖောက်လျက်ရှိသော ဝန်ကြီးချုပ်၏ ပါတီဝင်များကို မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ ပေါင်း ၆၄၃၀၀၆ ဦးရှိကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဂျေတီ

ပွဲတော်ကာလမတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကိုထိန်းချုပ်ရန် ဗီယက်နမ်၌ ကျောင်းများပိတ်ပင်

ဟန္ဓိုင်း ဖေဖော်ဝါရီ ၁

"တက်" နှစ်သစ်ကူးပိတ်ရက်မတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် ဒေသ ၂၂ ခုရှိ ကျောင်းများအားလုံးကို ပိတ်သိမ်းရန် ကွန်မြူနစ်ပါတီက ယနေ့တွင် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ ယင်းသို့စာသင်ကျောင်းများပိတ်သိမ်းရန် ညွှန်ကြားချက် ထုတ်ပြန်ထားသည့်ဒေသများသည် ဗီယက်နမ်နိုင်ငံတစ်ဝန်းဧရိယာ၏ သုံးပုံတစ်ပုံကျော်ဖြစ်ကြောင်းလည်း သိရသည်။

"တက်"နှစ်သစ်ကူးပွဲတော်ကာလသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်မည်ဖြစ်သဖြင့် ဖေဖော်ဝါရီ ၆ ရက်မှစ၍ ကျောင်းများကို စတင်ပိတ်ထားမည်ဖြစ်သည်။ "ကျွန်တော်တို့နိုင်ငံအနေနဲ့ တက်အထူးအားလပ်ရက်မတိုင်မီ ကျောင်းတွေကို ပိတ်ထားမှာပါ။ ဒါက ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်ဖို့ ဆောင်ရွက်တာပါ"ဟု ကိုရိုနာဗိုင်းရပ်စ် အထူးဆောင်ရွက်ရေးအဖွဲ့အကြီးအကဲ ဗူဒူဒမ်က နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် လူထုအားအသိပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးရေးကို တစ်နေ့လျှင် ၄၀၀၀၀ အထိ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်မည်ဖြစ်သလို တင်းကျပ်သည့် စည်းမျဉ်းများကိုလည်းချမှတ်ကာ ရောဂါကူးစက်မှုနှုန်းကိုလည်း အနိမ့်ဆုံးဖြစ်စေရေး ကြိုးပမ်းသွားမည်ဟု ကျန်းမာရေးဝန်ကြီးက ကတိပြုပြောကြားသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်သူ ၃၃ ဦးသာရှိခဲ့ပြီး အများစုမှာ မြို့တော်ဟန္ဓိုင်းဒေသတစ်ဝိုက်မှဖြစ်ကြောင်း သိရသည်။

ကိုးကား- စီအင်နအေ
ဘာသာပြန်-မေလဲ့သင်း





ဖိလစ်ပိုင်နိုင်ငံအား ကာကွယ်ဆေးဝယ်ယူရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့

မနီလာ ဖေဖော်ဝါရီ ၁

ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ ၂၅ သန်း ခွဲဝေသုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါထောက်ပံ့ကြေးငွေကို အာရှဖွံ့ဖြိုးရေးဘဏ်၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းရန်ပုံငွေ ကန်ဒေါ်လာ ၁၂၅ သန်းနှင့် အာရှပစိဖိတ်ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှုအစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ကိုးဘီလီယံတို့မှ ခွဲဝေသုံးစွဲခွင့်ပြုခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၂၅၆၈ ဦးရှိပြီး သေဆုံးသူ ၁၀၇၄၉ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဝယ်ယူရေးဆိုင်ရာ ကြိုးပမ်းမှုများအတွက် အထောက်အပံ့ဖြစ်စေရန် ကန်ဒေါ်လာ ၂၅ သန်းကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံ့လူဦးရေ ၆၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားလျက်ရှိပြီး ကာကွယ်ဆေးများဝယ်ယူရန် ဆေးဝါးကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

ကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန် ကိုဗစ်-၁၉ ရောဂါသက်သာချောင်ချိရေး အစီအစဉ်ကို အမြန်ဆုံးအတည်ပြုရန် တိုက်တွန်း

ဝါရှင်တန် ဖေဖော်ဝါရီ ၁

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ၎င်းအဆိုတင်သွင်းထားသည့် ၁ ဒသမ ၉ ထရီလီယံတန် ကိုဗစ်-၁၉သက်သာချောင်ချိရေး အစီအစဉ်နှင့် အနည်းဆုံး လုပ်ခလစာကို တစ်နာရီလျှင် ၁၅ ဒေါ်လာ သတ်မှတ်ရေးတို့အား ဥပဒေပြုလွှတ်တော်မှ အလျင်မြန်ဆုံး အတည်ပြုပေးရန် ယမန်နေ့တွင် ထပ်မံတိုက်တွန်းခဲ့သည်။

ဘိုင်ဒင်၏ ၁ ဒသမ ၉ ထရီလီယံတန် ကိုဗစ်-၁၉ သက်သာချောင်ချိရေး အစီအစဉ်တွင် နိုင်ငံသားတစ်ဦးကို ကန်ဒေါ်လာ ၁၄၀၀ စီ ထောက်ပံ့ပေးရေးနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကန်ဒေါ်လာ ၁၃၀ ဘီလီယံ ပံ့ပိုးပေးရေးတို့ပါဝင်သည်။ ရီပတ်ဘလီကန်အမတ်အချို့က အဆိုပါ အစီအစဉ်မှာ ကုန်ကျစရိတ် များပြားလွန်းသည့်အပြင် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းတွင် နိုင်ငံသားတစ်ဦးကို ကန်ဒေါ်လာ ၆၀၀ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သောကြောင့် မလိုအပ်သည့် အစီအမံတစ်ရပ်ဟု ဝေဖန်လျက်ရှိသည်။

သမ္မတဘိုင်ဒင်က အချိန်ပြည့်အလုပ် လုပ်ကိုင်နေသူ တစ်ဦးအနေဖြင့် ဝင်ငွေ နည်းပါးစွာဖြင့် ရပ်တည်နေရခြင်းမှာ မသင့်လျော်ကြောင်း၊ ၎င်း၏ ဆန္ဒအရဆိုလျှင် တစ်နာရီလျှင် ကန်ဒေါ်လာ ၂၀ အထိ ရပိုင်ခွင့်ရရှိစေရန် လိုလားကြောင်း ပြောကြားခဲ့သည်။ ဒီမိုကရက်ပါတီဝင်များအပြင် ရီပတ်ဘလီကန်အမတ်အများစုက အနည်းဆုံးလုပ်ခလစာကို တစ်နာရီလျှင် ကန်ဒေါ်လာ ၁၅ ဒေါ်လာ သတ်မှတ်ပေးရေးကို လိုလားသော်လည်း ယင်းသို့ သတ်မှတ်ပေးရေးသည် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုကြီးမားနေသည့် လုပ်ငန်းရှင်များအား ပိုမိုအကျပ်အတည်းဆိုက်စေမည်ဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

ထို့ကြောင့် အနည်းဆုံး လုပ်ခလစာ ၁၅ ဒေါ်လာပေးချေရေးကို အတည်ပြုမည်ဆိုပါက အမေရိကန်ပြည်သူ ၁၀ သန်းမှာ အကျိုးခံစားခွင့် ရရှိမည်ဖြစ်သော်လည်း လုပ်သား ၁ ဒသမ ၃ သန်းတို့မှာ အလုပ်အကိုင်ဆုံးရှုံးနိုင်ကြောင်း ဥပဒေပြုလွှတ်တော်ဘဏ္ဍာရေးရုံး၏ ခန့်မှန်းချက်အရ သိရသည်။ အမေရိကန်နိုင်ငံ၏ မြို့တော်ဝါရှင်တန်အပြင် ပြည်နယ် ၂၉ ခုတွင် အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ပေးရေး ဥပဒေရှိနှင့်ပြီးဖြစ်သော်လည်း လက်ရှိသတ်မှတ်နှုန်းထားမှာ တစ်နာရီလျှင် ၇ ဒသမ ၂၅ ဒေါ်လာဖြစ်ကြောင်း သိရသည်။



ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-မေလဲ့သင်း



နိုင်ငံတကာအလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂိုင်းရိုင်ဒါ

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများ၏ ဝင်ငွေ ကန်ဒေါ်လာ ၃ ဒသမ ၇ ထရီလီယံ ဆုံးရှုံးမှုရှိ

ဂျီနီဗာ ဖေဖော်ဝါရီ ၁

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့နိုင်ငံများရှိ အလုပ်လုပ်ချိန်ပမာဏ ၈ ဒသမ ၈ ရာခိုင်နှုန်း လျော့ကျသွားခဲ့ကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ အလုပ်လုပ်ချိန်လျော့ကျခဲ့သည့်ပမာဏသည် အချိန်ပြည့်အလုပ်အကိုင်ပေါင်း ၂၅၅ သန်းဆုံးရှုံးမှုနှင့် ညီမျှပြီး ၂၀၀၉ ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ်အတွင်း အလုပ်အကိုင်ဆုံးရှုံးမှု၏ လေးဆနှင့် ညီမျှမှုရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုပမာဏသည် ၁၉၃၀ ပြည့်နှစ်ကစပြီး ကမ္ဘာ့အလုပ်သမားဈေးကွက်အတွက် အကြီးမားဆုံးသော ထိခိုက်နစ်နာမှုတစ်ခုဖြစ်ကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂိုင်းရိုင်ဒါက ပြောကြားခဲ့သည်။

ယင်းသို့ အလုပ်အကိုင်ဆုံးရှုံးမှုသည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများ၏ ဝင်ငွေ အမေရိကန် ဒေါ်လာ ၃ ဒသမ ၇ ထရီလီယံ ဆုံးရှုံးမှုရှိကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာအလုပ်သမားအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း အလုပ်အကိုင်ဆုံးရှုံးမှုများအနက် အမျိုးသမီးများ၏ အလုပ်အကိုင်ဆုံးရှုံးမှု ၅ ရာခိုင်နှုန်းသည် အမျိုးသားများ၏ အလုပ်အကိုင်ဆုံးရှုံးမှု ၃ ဒသမ ၉ ရာခိုင်နှုန်းထက် များပြားကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့၏ ကိန်းဂဏန်းများအရ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အနာဂတ်လုပ်သားမျိုးဆက်များကိုပါ ထိခိုက်လျက်ရှိသည်။ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသည့် အလုပ်သမားများ၏ အလုပ်အကိုင် ဆုံးရှုံးမှုသည် ၈ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အသက် ၂၅ နှစ်နှင့်အထက် အလုပ်သမားများ၏ အလုပ်အကိုင်ဆုံးရှုံးမှုသည် ၃ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမတိုင်မီကတည်းကပင် ငယ်ရွယ်သောအလုပ်သမားများ၏ ဈေးကွက်သည် ကျဆင်းမှုများရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် ဆက်လက်ကျဆင်းသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂိုင်းရိုင်ဒါက ပြောကြားခဲ့သည်။

ကိုးကား- အင်နှစ်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

အင်ဒိုနီးရှား၌ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားသားခရီးသွားအရေအတွက် စံချိန်တင်လျော့ကျ

ဂျကာတာ ဖေဖော်ဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားသားခရီးသွားအရေအတွက် ၄ ဒသမ ၀၂ သန်းရှိခဲ့ခြင်းကြောင့် နိုင်ငံသားခရီးသွား အရေအတွက် ၁၆ ဒသမ ၁၁ သန်း ရှိခဲ့သည့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇၅ ဒသမ ၀၃ ရာခိုင်နှုန်းအထိ စံချိန်တင်လျော့ကျမှု ဖြစ်ပေါ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဗဟိုစာရင်းအင်းအေဂျင်စီက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံခြားသားခရီးသွားလာရောက်မှု သိသိသာသာလျော့ကျရခြင်းဖြစ်ပြီး ခရီးသွားကဏ္ဍအပါအဝင် အခြားသော ဆက်စပ်ကဏ္ဍများကိုလည်း ထိခိုက်မှုရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဗဟိုစာရင်းအင်းအေဂျင်စီ၏ အကြီးအကဲ ဆူဟာရီယန်တိုက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွားနိုင်ခြင်းမရှိပါက ဆိုးရွားသည့် စိန်ခေါ်မှုများ ဆက်လက်ဖြစ်ပေါ်လိမ့်မည်ဖြစ်ကြောင်းလည်း ဆူဟာရီယန်တိုက ပြောကြားခဲ့သည်။

သိသိသာသာလျော့ကျ

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွား ၁၆၄၀၈၈ ဦးရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၅၈ ရာခိုင်နှုန်းတိုးလာခဲ့သော်လည်း ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့ကျခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဗဟိုစာရင်းအင်း အေဂျင်စီက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ လာရောက်ခဲ့သည့် နိုင်ငံခြားသား ခရီးသွားများအား တွေ့ရစဉ်။

အမေရိကန်အရှေ့ပိုင်းဒေသတွင် နှင်းမုန်တိုင်း တိုက်ခတ်

နယူးယောက် ဖေဖော်ဝါရီ ၁

အမေရိကန်နိုင်ငံ နယူးယောက်နှင့် နယူးဂျာစီပြည်နယ်အပါအဝင် အရှေ့ပိုင်းဒေသတစ်ခုလုံးတွင် ပြင်းထန်သည့် နှင်းမုန်တိုင်းမှာ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ တိုက်ခတ်လျက်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ယမန်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နှင်းကျဆင်းမှုသည် ၁၈ လက်မမှ ၂၄ လက်မအထိ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ နယူးဂျာစီပြည်နယ်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ခေတ္တရပ်ဆိုင်းထားရန် သတိပေးချက်ထုတ်ပြန်ထားသည်။ ယင်းအပြင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများလည်း ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် မိမိတို့၏ လျှပ်စစ်အားသွင်းအသုံးပြုရသည့် ကိရိယာများကို ကြိုတင်အားသွင်းထားကြရန် လိုအပ်ကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီများက သတိပေးထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ်တွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အဆိုပါ မုန်တိုင်းသည် အရှေ့အလယ်ပိုင်းပြည်နယ်များသို့ ရွေ့လျားသွားခဲ့ကာ ချီကာဂိုမြို့တွင် နှင်းထုမှာ ရှစ်လက်မအထိ ရောက်ရှိခဲ့သည်။

ဝါရှင်တန်ဒီစီမြို့တော်တွင် ဇန်နဝါရီ ၃၁ ရက် ညပိုင်းကစပြီး နှင်းကျဆင်းမှုများဖြစ်ပေါ်ခဲ့ပြီး ဝါရှင်တန်၊ ဘယ်လ်တီမောလ်၊ မေရီလန်းတို့တွင် နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နှင်းထုမှာ ငါးလက်မအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ နှင်းမုန်တိုင်း တိုက်ခတ်မှုနှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သမ္မတဘိုင်ဒင်က ၎င်း၏ အကြံပေးအဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်-မေလဲ့သင်း



ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များကို ခုခံကာကွယ်ပေးနိုင်မည့် ကာကွယ်ဆေးအသစ်များ ထွက်ပေါ်လာရေး ဥရောပသမဂ္ဂနှင့် ဆေးဝါးကုမ္ပဏီများ ဆွေးနွေး

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁

ကမ္ဘာ့နိုင်ငံအများအပြားတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များကို ကာကွယ်ရာတွင် ထိရောက်မှုရှိစေမည့် ကာကွယ်ဆေးများ လျင်မြန်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဥရောပသမဂ္ဂနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများက ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

လက်ရှိအသုံးပြုလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဗီဇပြောင်းဗိုင်းရပ်စ်များကို ထိရောက်မှု အနည်းငယ်သာ ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ဗီဇပြောင်းဗိုင်းရပ်စ်များကို ထိရောက်စွာခုခံကာကွယ်ပေးနိုင်မည့် ကာကွယ်ဆေးအသစ်များထွက်ပေါ်လာရေးကိုအဓိကထားဆောင်ရွက်လျက်ရှိသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် BioNTech/Pfizer၊ Moderna၊ AstraZeneca၊ Johnson & Johnson၊ CureVac နှင့် Sanofi တို့၏ အမှုဆောင်အရာရှိချုပ်များနှင့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များကို ခုခံကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေးထွက်ပေါ်လာရေးနှင့် ပတ်သက်ပြီး ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ယမန်နေ့က ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ဥရောပသမဂ္ဂအဖွဲ့၏ ကျန်းမာရေးကော်မရှင်နာ စတီလာကာရီယာကီဒက်စ်၊ ပြည်တွင်းဈေးကွက်ဆိုင်ရာ ကော်မရှင်နာ သီရီဘာရီတွန်၊ ဥရောပကော်မရှင်အကြီးအကဲဗွန်ဒါလီယန်၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဝီတာ ဝီရော့ထ်နှင့် မွန်ဆက်ဆလောရီနှင့် ဥရောပဆေးဝါးအေဂျင်စီ၏ အမှုဆောင် ဒါရိုက်တာ အန်းမာကွတ်ခ်တို့လည်း တက်ရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဗီဇပြောင်းဗိုင်းရပ်စ် ကာကွယ်ဆေးများ ထွက်ပေါ်လာစေရေးနှင့် ကာကွယ်ဆေးများ၏ စည်းမျဉ်းဆိုင်ရာ ခွင့်ပြုချက်အပါအဝင် လျင်မြန်စွာ ထုတ်လုပ်ဖြန့်ဖြူးရေးတို့အတွက် လိုအပ်သည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိအတည်ပြု သုံးစွဲလျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဗီဇပြောင်းဗိုင်းရပ်စ်များကို ခုခံနိုင်စွမ်းလျော့ကျသည်ကို တွေ့ရှိခဲ့ပြီးနောက် အဆိုပါအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖြတ်နိုင်နိုင်အတွင်း လက်တွေ့စမ်းသပ်မှုများအရ Novavax ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ယခင်ကိုရိုနာဗိုင်းရပ်စ်ကို ၈၉ ရာခိုင်နှုန်း ထိရောက်မှုရှိသည်။ သို့သော် ဖြတ်နိုင်နိုင်တွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို ၈၆ ရာခိုင်နှုန်းနှင့် တောင်အာဖရိကနိုင်ငံတွင် တွေ့ရှိသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို ၆၀ ရာခိုင်နှုန်းသာ ထိရောက်မှုရှိကြောင်း တွေ့ရှိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်





AstraZeneca ဆေးဝါးကုမ္ပဏီက ဥရောပသမဂ္ဂသို့ ကာကွယ်ဆေးထောက်ပံ့မှု ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးမည်ဟု ဗွန်ဒါလီယန် ပြောကြား

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁

AstraZeneca ဆေးဝါးကုမ္ပဏီသည် ဥရောပသမဂ္ဂသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့မှုကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးလိမ့်မည်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။

AstraZeneca ဆေးဝါးကုမ္ပဏီသည် ၎င်း၏ ဥရောပရှိ ကာကွယ်ဆေးထုတ်စက်ရုံများ အနက်မှတစ်ခုတွင် ထုတ်လုပ်မှုဆိုင်ရာပြဿနာဖြစ်ပွားခဲ့ခြင်းကြောင့် ဥရောပသမဂ္ဂသို့ ထောက်ပံ့မည်ဟုယခင်က ကတိပြုထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပမာဏ၏ လေးပုံ တစ်ပုံကိုသာ ထောက်ပံ့ပေးမည်ဟု ပြီးခဲ့သည့် တစ်ပတ်အတွင်းက ကြေညာခဲ့သည်။

သို့ရာတွင် AstraZeneca ဆေးဝါးကုမ္ပဏီသည် ၎င်း၏ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဥရောပ၌ အသုံးပြုခွင့်ရရှိရန် အတည်ပြုခဲ့ပြီးနောက် ယခင်ကတိပြုထားသည့်ကာကွယ်ဆေးပမာဏအပြင် နောက်ထပ် ကာကွယ်ဆေးအလုံးရေကိုးသန်း ထပ်မံထောက်ပံ့ပေးရန် သဘောတူညီခဲ့သည်။ အဆိုပါကာကွယ်ဆေးထောက်ပံ့မှုကို ယခင်စီစဉ်ထားသည်ထက် တစ်ပတ်စောလျ ထောက်ပံ့ပေးသွားလိမ့်မည်ဖြစ်ကြောင်းလည်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂ၌ ပထမဆုံးအကြိမ်ကာကွယ်ဆေးထောက်ပံ့မှုကို ဖေဖော်ဝါရီဒုတိယပတ်တွင် စတင်မည်ဖြစ်ကြောင်းလည်း သိရသည်။ ဥရောပသမဂ္ဂသည် မတ်လမတိုင်မီတွင် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၈၀ အထက်ရှိသူများ၏ ၈၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း ဧန်နဝါရီ ၁၉ ရက်တွင် ဥရောပသမဂ္ဂက ပြောကြားခဲ့သည်။

သို့ရာတွင် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် Pfizer-BioNTech ဆေးဝါးကုမ္ပဏီတို့၏ ကာကွယ်ဆေးထောက်ပံ့မှုဆိုင်ရာ ပြဿနာရပ်များကြောင့် ဥရောပသမဂ္ဂ၏ ကာကွယ်ဆေးထိုးအစီအစဉ် နောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က နွေရာသီကာလမကုန်ဆုံးမီ ဥရောပရှိ အရွယ်ရောက်ပြီးသူများ၏ ၇၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-စီဂျီတီအင်ဒန်၊ ဘာသာပြန်-အလင်းသစ်

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ချီလီနိုင်ငံ လက်ခံရရှိ

ဆန်တီယာဂို ဖေဖော်ဝါရီ ၁

ချီလီနိုင်ငံအစိုးရသည် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac Biotech က ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်းနီးပါးကို ဒုတိယအသုတ်အဖြစ် ဧန်နဝါရီ ၃၁ ရက်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါကာကွယ်ဆေးများကို ချီလီနိုင်ငံ၌ ဖေဖော်ဝါရီ ၃ ရက်တွင် စတင် အသုံးပြုရန်ရည်ရွယ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac Biotech က ထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအသုတ်ရောက်ရှိလာခြင်းကြောင့် ဖေဖော်ဝါရီလအတွင်း ချီလီပြည်သူ လေးသန်းခန့်အား ကာကွယ်ဆေးထိုးနှံပေးနိုင်တော့မည်ဖြစ်ကြောင်းလည်း ချီလီဒုတိယကျန်းမာရေးဝန်ကြီး ပေါ်လာဒါဇာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၌ ဧန်နဝါရီ ၃၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၀၉ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၂၇၁၀၉ ဦးအထိရှိလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည်လည်း ၁၈၄၅၂ ဦးအထိရှိလာခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃ ဒသမ ၈ သန်းကျော်ရှိလာ

မော်စကို ဖေဖော်ဝါရီ ၁

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၆၄၈ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၈၆၀၈၇ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအများစုသည် မြို့တော်မော်စကိုမှဖြစ်ပြီး မော်စကိုမြို့၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၃၇ ဦး ရှိခဲ့ခြင်းကြောင့် မြို့တော် တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၃၂၁၀၉ ဦး အထိရှိလာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၃၆၉ ဦးအထိရှိလာခဲ့ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၇ ဦးရှိခဲ့ကြောင်းသိရသည်။ ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၃၁၈၇၇ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	
ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၀၃၅၉၄၈၇၄ ဦး
သေဆုံးသူ	၂၂၃၄၂၇၅ ဦး
ပြန်လည်ကျန်းမာလာသူ	၇၅၂၀၄၂၁၈ ဦး

နိုင်ငံအတွင်း ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ အစွမ်းထက်ထိရောက်မှုရှိကြောင်း တရုတ်တာဝန်ရှိသူ ပြောကြား

ကွမ်ကျိုး ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံ၌ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ အစွမ်းထက်ထိရောက်မှုရှိကြောင်း တရုတ်နိုင်ငံ အသက်ရှူလမ်းကြောင်းရောဂါဆိုင်ရာ ကျွမ်းကျင်သူ ဧာဝင်နန်ရှင်းက ယမန်နေ့တွင် ပြောကြားသည်။

၂၃၈	မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေရာအဖွဲ့ (မန္တလေးမြို့)	၅,၀၀၀,၀၀၀
၂၃၉	ဦးဝမ်းချုံဇ + ဒေါ်စုမြတ်သိန်း Ki Ki ကချင်ရိုရာဆူညံထည့်နှင့်ပိုထည့်လုပ်ငန်း(မန္တလေးမြို့)	၀၀,၀၀၀,၀၀၀
၂၄၀	ဦးဝင်းမြအောင်+ဒေါ်အိစိစိထွန်း သမီး- ထူးပြည်ပြည်ဦးအောင် ဓိသာန္တ (ဓနိုသူ)	၁,၀၀၀,၀၀၀
၂၄၁	ထောင်သူကြီး ဦးမျိုးသန့် + ဒေါ်တင်တင်မိုး၊ မျိုးမြန်မာမျိုးစေ့ဖြန့်ဝေရေး (မန္တလေးမြို့)	၁၅,၅၀၀,၀၀၀
၂၄၂	ဦးတင်မြင့် (ရန်ကုန်မြို့)	၀,၀၀၀,၀၀၀
၂၄၃	မင်းထက်ဦး ကျွဲနာက်မျက်ကုမ္ပဏီဓိသာန္တ (မန္တလေးမြို့)	၁၅,၀၀၀,၀၀၀
၂၄၄	ဦးကျော်သက်လိုင်+ ဒေါ်နွယ်နွယ်မိုး၊ ဒေါ်သီသန်ဝါဓိ၊ ဓိသာန္တ (မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၂၄၅	ဦးစန်းဝင်း+ ဒေါ်ခန်းစန်းမြင့် မြို့တော်ပိုကောစီမံသားစု (မန္တလေးမြို့)	၀၀,၀၀၀,၀၀၀
၂၄၆	မန္တလေးတိုင်းဒေသကြီး ဓိအင်နှင့်ကလေးဆောင်ဈေးဝယ်ပေး (မန္တလေးမြို့)	၅,၀၀၀,၀၀၀
၂၄၇	ဦးကျော်စန်း+ဒေါ်မြင့်မြင့်မိုး (ရန်ကုန်မြို့)	၁၀၀,၀၀၀
၂၄၈	ဦးခင်မောင်လှ (ရန်တုန်မြို့)	၀၀၀,၀၀၀
၂၄၉	34 WARD MMCWA (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၅၀	SENTOSA BEAUTY RELAX SPA (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၅၁	ဦးညီညီမင်း ဆောက်လုပ်ရေးမိသားစု (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၅၂	ဦးမြဲအောင်+ဒေါ်ခင်မြသန်း (ဖုန္ဒာမြို့)	၃၀၀,၀၀၀

စာမျက်နှာ ၂၁ သို့ ❍

○ စာမျက်နှာ ၂၀ မှ

၂၁၈	ဦးသန်းထွဋ် (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၁၉	ဦးကျော်ဝင်း+ဒေါ်ပြုပြုသေား (မန္တလေးမြို့)	၁,၀၀၀,၀၀၀
၂၂၀	ဦးလှသိန်း၊ မိသားစု (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၂၁	ဦးတင့်စော်+ဒေါ်ဃော်တာစေမွန်ဦး (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၂၂	ဦးဆောင်းညွှန့် (ရန်ကုန်မြို့)	၁၀၀,၀၀၀
၂၂၃	ဦးဘချစ်+ ဒေါ်စန်းစန်းဦး၊ မိသားစု (ရန်ကုန်မြို့)	၃၀၀,၀၀၀
၂၂၄	ဦးဝင်းလွင်ဦး+ဒေါ်ဝင့်ဝါလှိုင် (ရန်ကုန်မြို့)	၅၀၀,၀၀၀
၂၂၅	အဆို့ဓာတ် ပြိုးမြှက်ဆေးဘင် မိသားစု (ရန်ကုန်မြို့)	၁၁၀,၀၀၀
၂၂၆	ဝင်စုမြတ်မေ (လိပ်စာဖော်ပြထားခြင်းမရှိ)	၀၀,၀၀၀
၂၂၇	လွင်ဦး အေးအေးမြင့် ၊ ဇင်းခန့် (လိပ်စာဖော်ပြထားခြင်းမရှိ)	၀၀၀,၀၀၀
၂၂၈	နိုလာလွင် (လိပ်စာဖော်ပြထားခြင်းမရှိ)	၅,၀၀၀
၂၂၉	ခဲဦးပိုင် (လိပ်စာဖော်ပြထားခြင်းမရှိ)	၅,၀၀၀
၂၃၀	ငြိမ်းငြိမ်းဌေး (လိပ်စာဖော်ပြထားခြင်းမရှိ)	၀၅,၀၀၀
၂၃၁	ဦးအောင်မြင့်သူကျော်+ဒေါ်အေးငြိမ်းဝေ (လိပ်စာဖော်ပြထားခြင်းမရှိ)	၃၀,၀၀၀
၂၃၂	နုင်းယုလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိ)	၂၀,၀၀၀
၂၃၃	ဦးအောင်မိုးနိုင် + ဒေါ်ခင်မိမိနိုင် တို့၏ မင်္ဂလာ(၃၀)နှစ်မြောက် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀,၀၀၀
၂၃၄	စင်ဘစိုးမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀,၀၀၀
၂၃၅	ဦးကောင်းမြတ်မိုး+ဒေါ်စိုးပြုံးဖြစ် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀,၀၀၀
၂၃၆	ဦးကျော်စေယျ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀,၀၀၀
၂၃၇	အမရာဝိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀,၀၀၀
၂၃၈	ဇနချိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀,၀၀၀
၂၃၉	နိုင်ဇင်သွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅,၀၀၀
၂၄၀	ACA Mega Design Engineering Team (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၅၀,၀၀၀
၂၄၁	ဦးသန်းဦး+ဒေါ်ခင်သန်းအေး သစီး- မသဲနှင်းလွင်၊ မသဲဝိုင်စိန် သားေ-ဆောင်ဇာနီထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀၀,၀၀၀
၂၄၂	ဦးစစ်နိုင် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅,၀၀၀,၀၀၀
၂၄၃	ဦးဝင်းဖင်း+ဒေါ်ခင်ဗာသောင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀၀,၀၀၀
၂၄၄	ဦးဆင်မောင်+ဒေါ်ကိုတာဆင်လေးကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃,၀၀၀,၀၀၀
၂၄၅	ဒေါ်မြင့်မြင့်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀
၂၄၆	N.E.T စာဖတ်သူများ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀
၂၄၇	ပြန်းမိမိသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀၀,၀၀၀
၂၄၈	မစာစာမွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅,၀၀၀
၂၄၉	စောဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀,၀၀၀
၂၅၀	ဇန္နာလွင် (၁၆.၀၁.၂၀၂၁) (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀
၂၅၁	ငြိမ်းငြိမ်းမွန်ယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀,၀၀၀
၂၅၂	မေသခင်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀၀,၀၀၀
၂၅၃	ထိုက်ထိုက်မြင့်မောင် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀
၂၅၄	ဦးသက်လွင်ဦးစော်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀၀,၀၀၀
၂၅၅	မကြင်ဥမေသီတာဆွေမနီလာဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀၀,၀၀၀
၂၅၆	ဝတ်မှန်စိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀,၀၀၀
၂၅၇	NPA- CSAZ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၆၅,၀၀၀
၂၅၈	ဦးမြဲမိုးကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀၀,၀၀၀
၂၅၉	အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။	၂၀၀,၀၀၀
၂၆၀	နိုင်ဝန်းစီ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀,၀၀၀
၂၆၁	ဦးသန်းစော်ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀၀,၀၀၀
၂၆၂	ဒေါ်စောမြဖေအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀
၂၆၃	ဦးညီညီထွန်း+ဒေါ်ဝင်းဝင်းအေး မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁,၂၀,၀၀၀
၂၆၄	ဦးစိုင်းထွန်း+ဒေါ်မြမြစံ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀၀,၀၀၀
၂၆၅	ဦးဘဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀,၀၀၀
၂၆၆	ဖုန်းမြင့်ကို (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀,၀၀၀
၂၆၇	ဖူးငြိမ်း(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁,၀၀၀,၀၀၀
၂၆၈	ဦးသိန်းဆွေ+ဒေါ်မေခိုင်ဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀၀,၀၀၀
၂၆၉	ဦးမျိုးသူထွဋ်၊ ဦးမျိုးအောင်+ဒေါ်ယဉ်မှ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀၀,၀၀၀
၂၇၀	ဦးဝင်းနိုင်+ဒေါ်အေးအေးခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀၀,၀၀၀
၂၇၁	မတင်မျိုးလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀၀,၀၀၀
၂၇၂	ဦးအောင်ခင်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀,၀၀၀
၂၇၃	ဦးဟန်နိုင်း+ဒေါ်ခင်မေ (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၆၀၀,၀၀၀
၂၇၄	ကျော်သာကလိန် မင်းသိဟန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁,၀၅၀,၀၀၀
၂၇၅	ဦးသင်းဆွေဒေါ်ခင်စေမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀၀,၀၀၀
၂၇၆	ဦးထွန်းထွန်းဝင်း+ဒေါ်ဝေဝေဖြိုးသူ၊ မောင်သော်ဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀၀,၀၀၀
၂၇၇	AYA YGN 96 MYKS (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁,၂၀၀၀
၂၇၈	အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။	၀၀၀,၀၀၀
၂၇၉	ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၇၆,၅၀၀
၂၈၀	ဒေါ်စကျွယ်ယဉ် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀,၀၀၀
၂၈၁	ဒေါက်တာဒေဆေဝေ+ဒေါ်ခွန်ခွန်သင်း သမီး-သေန္ဓာဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၃၀၀,၀၀၀
၂၈၂	ဦးကျော်မင်းဟန် (လိပ်စာဖော်ပြထားခြင်းမရှိပါ)	၀၀၀,၀၀၀

၂၄၄	ဦးဆင်မောင်နိုး (မုဒ္ဓားမြို့)	၀၀၀,၀၀၀
၂၄၅	ဦးအောင်သန်း (ပျဉ်းမနားမြို့)	၂၀၀,၀၀၀
၂၄၆	ဦးအောင်ခိုင်+ဒေါ်မိမိလွင် (ပျဉ်းမနားမြို့)	၁,၀၀၀,၀၀၀
၂၄၇	ဦးလှမြင့် + ဒေါ်ခင်အေးသီ (ပျဉ်းမနားမြို့)	၁၅၀,၀၀၀
၂၄၈	ဦးဆင်မောင်ဇေ+ဒေါ်တင်တင်နွဲ့ (အမရပူရမြို့)	၁၃,၀၀၀,၀၀၀
၂၄၉	ဒေါက်တာဝဝဝင်းနိုင် (ကြိုခင်း)	၅၀၀,၀၀၀
၂၅၀	A-1 ချိုချည် ၊ ပလတ်စတစ်ဘူး၊ လိုင်းတွန့်ခွဲပိုဝဲ၊ နတ်သမီးလတ်စတစ်၊ ဗလန်းဗလန်းဈေးလိုင်းကျွမ်းမိသားစု (မန္တလေးမြို့)	၃၀,၀၀၀,၀၀၀
၂၅၁	ဦးမြင့်လွင်+ဒေါ်စောထွး (ရန်ကုန်မြို့)	၀၀,၀၀၀
၂၅၂	ဒေါ်ခုနစိန် မိသားစု (ပဲခူးမြို့)	၁၅၀,၀၀၀
၂၅၃	Eagle Brothers Group (ပဲခူးမြို့)	၁,၀၀၀,၀၀၀
၂၅၄	ဦးစန်းထွန်း(မ/ဥက္ကလာပ(မြို့နယ်)	၃၀၀,၀၀၀
၂၅၅	ဦးကြည်ဟန်လင်း (မ/ဥက္ကလာပ(မြို့နယ်)	၃၀၀,၀၀၀
၂၅၆	ဦးသန်းအား (ပြည်မြို့)	၀၀၀,၀၀၀
၂၅၇	ဒေါ်ခင်ချိုခင်သန့် (မနုတ္တရမြို့)	၃၀၀,၀၀၀
၂၅၈	ဦးထေဝင်းစည်သူဝင်း (ပြည်မြို့)	၀၀၀,၀၀၀
၂၅၉	ဦးကျော်ခိုင်ဝင်း (ပြည်မြို့)	၂၀၀,၀၀၀
၂၆၀	ဦးကြည်လွန်း(ပြည်မြို့)	၃၀၀,၀၀၀
၂၆၁	ဦးတင့်လွင် (ပြည်မြို့)	၁,၀၀၀,၀၀၀
၂၆၂	ဦးစောဝင်း + ဒေါ်စုစုကြွယ် မိသားစု (ဒွေးပြည်သာ(မြို့နယ်)	၃,၀၀၀,၀၀၀
၂၆၃	ဒေါ်ခင်ဝင်းစိုး (ကြည့်မြင်တိုင်(မြို့နယ်)	၁၀၀,၀၀၀
၂၆၄	ဒေါ်ခင်သန်းနွယ် (ကြည့်မြင်တိုင်(မြို့နယ်)	၀၀၀,၀၀၀
၂၆၅	ဦးခင်မောင်ညီ (ကစားကွက်(မြို့နယ်)	၀၀၀,၀၀၀
၂၆၆	ဒေါ်ခိုလာဆွေ (ရန်ကုန်မြို့)	၁,၀၀၀,၀၀၀
၂၆၇	ဦးစော်မင်း (AM) (ရန်ကုန်မြို့)	၃,၄၅၁,၀၀၀
၂၆၈	ဒေါ်တင်တင်ဇွေ (ရန်ကုန်မြို့)	၃၀၀,၀၀၀
၂၆၉	ဒေါ်ကြည်ကြည်မာ (ရန်ကုန်မြို့)	၁,၀၀၀,၀၀၀
၂၇၀	INDUSTRY ZONE (ရန်ကုန်မြို့)	၁၀,၀၀၀,၀၀၀
၂၇၁	ဦးတင့်ဆွေ+ဒေါ်မမလေး (ရန်ကုန်မြို့)	၁,၀၀၀,၀၀၀
၂၇၂	ဦးမျိုးဇိ+ဒေါ်ဌေးဌေးမြင့် (ရန်ကုန်မြို့)	၅၀၀,၀၀၀
၂၇၃	ဦးဝင်းနိန်+ဒေါ်ခင်မြင့် (ရန်ကုန်မြို့)	၃၀၀,၀၀၀
၂၇၄	ဦးအုန်းမြင့်+ဒေါ်ခင်သန်းဝင်း (ရန်ကုန်မြို့)	၀၀၀,၀၀၀
၂၇၅	ဒေါ်ထက်နန္ဒာအောင် (ရန်ကုန်မြို့)	၅၀၀,၀၀၀
၂၇၆	ဒေါ်တင်ယု (ရန်ကုန်မြို့)	၂၀၀,၀၀၀
၂၇၇	ဦးမင်းမြင့်+ဒေါ်ဆေးရို (ရန်ကုန်မြို့)	၅၀၀,၀၀၀
၂၇၈	TOP သိပ္ပံဦးစီးဝန်ထမ်းများ ရွှေလင်းယန်းစက်မှုဇုန် (ရန်ကုန်မြို့)	၂,၃၅၁,၀၀၀
၂၇၉	ဒေါက်တာခဲလင်းမင်း+ဒေါ်အင်ကြင်းခိုင် (ရန်ကုန်မြို့)	၃၀၀,၀၀၀
၂၈၀	CHEEN CHEEN Co.,Ltd (လစ်မေတော်(မြို့နယ်)	၅,၀၀၀,၀၀၀
၂၈၁	ဒေါ်ညီညီမောင် ၏ မွေးနေ့အလှူ (ရန်ကုန်မြို့)	၁၀၀,၀၀၀
၂၈၂	ဦးထွန်းထွန်းသိန်း + ဒေါ်သီတာငြိမ်း၊ မိသားစု (ရန်ကုန်မြို့)	၀၀၀,၀၀၀
၂၈၃	ဦးဆောင်သောင်း+ဒေါ်စန်းစန်းနွယ် ဟိန်းထက်စိုးကျော်ကိုမောက်ကုမ္ပဏီ(မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၂၈၄	ဦးမြလှိုင်+ ဒေါ်မြကြည်မိသားစု (ရန်ကုန်မြို့)	၁၀၀,၀၀၀
၂၈၅	ဦးထွန်း+ဒေါ်ပိုပို "ထင်" အောင်စံကော်နှင့်ပလတ်စတစ်လုပ်ငန်း(မန္တလေးမြို့)	၁,၀၀၀,၀၀၀
၂၈၆	ဦးထွန်းသော် (ရန်ကုန်မြို့)	၁,၀၀၀,၀၀၀
၂၈၇	ဦးကျော်နိုင်ဦး+ဒေါ်ဟိုတိုး (မုဒ္ဓားမြို့)	၁၀၀,၀၀၀
၂၈၈	ဦးတင်အောင်မိုး+ဒေါ်သီတာဆွေ (မုဒ္ဓားမြို့)	၂၀၀,၀၀၀
၂၈၉	ဦးသောင်းဌေး+ဒေါ်ဝေဆိ (မုဒ္ဓားမြို့)	၀၀၀,၀၀၀
၂၉၀	ဦးဝင်းကိုး (မုဒ္ဓားမြို့)	၂၀၀,၀၀၀
၂၉၁	ဒေါ်မြတ်သတ်ပိုင် (ရန်ကုန်မြို့)	၁,၂၀၀,၀၀၀
၂၉၂	ဒေါ်ဝိုင်းကြည် (မန္တလေးမြို့)	၂၀၀,၀၀၀
၂၉၃	ဦးဟိုကျော် (ဓကျောင်းပန်းဆတောင်းမြို့)	၁၀,၀၀၀,၀၀၀
၂၉၄	ဦးစိုးလွင်+ဒေါ်သန်းသန်းစိုး (ရန်ကုန်မြို့)	၁၀၀,၀၀၀
၂၉၅	ဦးဘရန်ခိုင်+ဒေါ်နန်းအေးခေါ်, သူ့မိလက်ရာစားသောက်ဆိုင် (မန္တလေးမြို့)	၂၀,၀၀၀,၀၀၀
၂၉၆	ဦးတင်ဆေး+ဒေါ်တင်တင် (ရန်ကုန်မြို့)	၀၀၀,၀၀၀
၂၉၇	ဦးအောင်စိန် (အလုပ်အမှုဆောင်၊ မဟာသဘကူသိဟဘုရားဂေါပကအဖွဲ့) + ဒေါ်ခင်ခင်ဝင်း မိသားစု (မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၂၉၈	ဦးညီညီထွန်း (ရန်ကုန်မြို့)	၀၀၀,၀၀၀
၂၉၉	ဦးဆွေ+ဒေါ်အေးပြိုင် တင်မောင်ကြည်နှင်းညီအစ်ကိုများဧကလွှတ်မှတ်လုပ်ငန်း (မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၃၀၀	ဦးအောင်ဇွေ+ဒေါ်နန်းရွှန်းအောင် (ရန်ကုန်မြို့)	၂၀၀,၀၀၀
၃၀၁	ဒေါက်တာဒေါ်တင်တင်ဆေး (ကလေးဆရာများကုဆေရာဝန်ကြီး-ပြိမ်း) (မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၃၀၂	ဦးဥဘင်ထွန်း (ရန်ကုန်မြို့)	၁၀၀,၀၀၀
၃၀၃	ဦးဆင်မောင်ကျော်+ဒေါ်တင်အုန်းကြည် သားသမီးမြေးတစ်စု (မန္တလေးမြို့)	၁၀,၀၀၀,၀၀၀
၃၀၄	ဒေါ်ခိုင် (ရန်ကုန်မြို့)	၀၀၀,၀၀၀
၃၀၅	KMC ကိုယ်ပိုင်ကျောင်းမိသားစု (မန္တလေးမြို့)	၅,၀၀၀,၀၀၀
၃၀၆	ဦးသတ်ဦး(ရန်ကုန်မြို့)	၀၀၀,၀၀၀
၃၀၇	ဦးမောင်ဇော်+ဒေါ်ခင်စန်းဝင်း မိသားစု (မန္တလေးမြို့)	၁,၅၀၀,၀၀၀

(ဆက်လက်ဖော်ပြပါမည်)

ဝါးခြင်းရက်လုပ်သည့်လုပ်ငန်းများ ယခုရက်ပိုင်းတွင် ပြန်လည်လုပ်ကိုင်လာ



မန္တလေး ဖေဖော်ဝါရီ ၁

ပုသိမ်ကြီးမြို့နယ် နှမ်းကြက်ကျေးရွာသည် ဝါးဖြင့် ခြင်းရက်လုပ်သည့်လုပ်ငန်းကို ရှေးယခင်ကတည်းက တစ်ရွာလုံး နီးပါးပြုလုပ်လာကြပြီး ယခုနောက်ပိုင်းတွင် နည်းပါးလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါခြင်းရက်လုပ်မှုလုပ်ငန်းများမှာ မိသားစုနေ့စဉ် ဝင်ငွေသာမက စီးပွားဖြစ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ကိုဗစ်ကာလဖြစ်သည့်အတွက် ဝါးကုန်ကြမ်းအခက်အခဲများရှိကာ လုပ်ငန်းများ ရပ်နားထားရသော်လည်း ယခုရက်ပိုင်းအတွင်း ကုန်ကြမ်းအနည်းငယ်ရရှိလာသောကြောင့် လုပ်ငန်းများပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း ခြင်းရက်လုပ်သူ မန္တယ်က ပြောသည်။

မျှင်ဝါးကိုအသုံးပြုရပြီး ဝါးတစ်လုံးကို ကျပ် ၅၀၀ ပေးရကာ ထိုဝါးကိုခွဲစိတ်ကာ ခြင်းရက်လုပ်ပါက ခြင်းနှစ်လုံးခန့်ရရှိကြောင်း ဈေးကွက်တွင်ခြင်းတစ်လုံးကို ငွေကျပ် ၇၀၀ နှုန်းဖြင့် သွင်းရကြောင်း၊ ကိုယ်တိုင်သွားရောက်ကာ ဈေးကွက်ကို ရောင်းချပါက ၁၀၀၀ ကျပ်အထိရကြောင်း၊ သို့သော် သယ်ယူစရိတ်များကြောင့် ပွဲစားများနှင့်သာ ရောင်းချကြကာ တစ်ရက်တွင် ခြင်းအလုံးရေ ၂၀ အထိပြီးကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယခင်ကကျေးရွာအတွင်း တစ်ရွာလုံးနီးပါး လုပ်ကိုင်ခဲ့သည့်လုပ်ငန်းကို လုပ်ကိုင်သူနည်းပါးလာပြီး အခြားသော စီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်နေကြပြီဖြစ်သည်။ ခြင်းရက်လုပ်မှုမှာ အမျိုးသမီးများအတွက် အိုးမကွာ အိမ်မကွာနှင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်ပြီး ရက်လုပ်မှုပြီးစီးသည့်ခြင်းများကိုလည်း ကျေးရွာအတွင်းရှိ ပွဲစားထံတွင် ထွက်သမျှသွင်းနိုင်ကာ ဈေးကွက်အခိုင်အမာရှိထားသည်။ ဝါးခြင်းတောင်းဈေးကွက်အနေဖြင့် အတက်အကျ အနည်းငယ်ရှိကြောင်း သရက်သီးကဲ့သို့ သစ်သီးပေါ်ချိန်တွင် ခြင်းဈေးကွက်မှာ ပွဲစားများထံသို့ ငွေကျပ် ၁၀၀၀ အထိ သွင်းရပြီး ဈေးကျသည့်အချိန်တွင် ခြင်းတစ်လုံးကို ကျပ် ၆၀၀ ခန့်သာရရှိကြသည်။ လုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာသော်လည်း ၎င်းကျေးရွာတွင် ခြင်းရက်သူ ၁၀ ဦးနှင့်အထက်ရှိနေပြီး ပုံမှန်လုပ်ကိုင်နေကြကာ ထွက်သမျှကို ဈေးကွက်ကိုတင်ပို့ရင်း နေ့စဉ်ဝင်ငွေရရှိနေကြခြင်းဖြစ်သည်။

ဝေဖြိုးအောင်

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နေ့စဉ်မိသားစုဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံ အားထားစိုက်ပျိုးလုပ်ကိုင်



ပွင့်ဖြူ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ဒေသခံပြည်သူများသည် ကိုဗစ်-၁၉ ကာလ မိသားစုစားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရှိသော ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံတို့ကို မုန်းချောင်းရေဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အဝိစိတွင်းများဖြင့်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်စားပင်သီးနှံများ စိုက်ပျိုးရာတွင် ယခင်ကမိရိုးဖလာစိုက်ပျိုးခဲ့သော်လည်း ယခုအခါ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာသည်နှင့်အမျှ အထွက်နှုန်းကောင်းပြီး သီးနှံဝင်ငွေရရှိစေသော စိုက်ပျိုးရေးနည်းပညာများကို တွင်ကျယ်စွာ စမ်းသပ်စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း၊ စိုက်ပျိုးသည့်သီးနှံများမှာ ခရမ်း၊ ဘူး၊ သခွား၊ ပန်းမုန်လာ၊ ခရမ်းချဉ်၊ တိုင်ထောင်ပဲသီးရှည်၊ ပဲရှည်သီး၊ ရုံးပတီ၊ ဖူးစားပြောင်း၊ ကန်စွန်း၊ ချဉ်ပေါင်၊ နံနံ၊ ငရုတ်၊ ကြက်သွန်၊ ကြက်ဟင်းခါး စသည့်ဟင်းသီးဟင်းရွက်မျိုးစုံကို အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူများထံက သိရသည်။

"ကျွန်တော်တို့ကျေးရွာက တောင်သူတွေကတော့ ကိုဗစ်-၁၉ကာလမှာမိသားစုစားဝတ်နေရေးအတွက် နေ့စဉ် ဝင်ငွေရရှိတဲ့ ဟင်းသီးဟင်းရွက်စားပင် သီးနှံမျိုးစုံနဲ့ ဘုရားပန်းမျိုးစုံတို့ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်သူတွေ များလာပါတယ်။ စိုက်ပျိုးရေးကလည်း မုန်းချောင်းရေရှိတဲ့အပြင် ကိုယ်ပိုင်အဝိစိတွင်းများရှိတော့ (နွေ၊ မိုး၊ ဆောင်း) ရာသီမပျက် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ယခုဆောင်းရာသီမှာစိုက်ပျိုးတဲ့ ခရမ်း၊ သခွား၊ ခရမ်းချဉ်၊ ဘူး၊ ဖရုံ၊ ရုံးပတီ၊ ဖူးစားပြောင်း၊ ကန်စွန်း၊ ချဉ်ပေါင် စတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ တချို့တောင်သူတွေကတော့ စိုက်ပျိုးမြေအခြေအနေပေါ်မူတည်ပြီး ဟင်းသီးဟင်းရွက်စားပင် သီးနှံမျိုးစုံအပြင် ဘုရားပန်းဖြစ်တဲ့ ဂန္ဓမာပန်း၊ မေမြို့ပန်း၊ ရွှက်လှပန်း၊ သပြေပန်း၊ ကံ့ကော်ပန်း၊ နှင်းပန်း၊ နှင်းဆီပန်းတို့ကို တစ်ဖက်တစ်လမ်းက သီးနှံဝင်ငွေပိုမိုရရှိရေးအတွက် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ အခုလို ကိုဗစ်-၁၉ ကာလမှာ ဟင်းသီးဟင်းရွက်စားပင်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်းဟာ နေ့စဉ် မိသားစုအတွက် ဝင်ငွေရရှိလို့ တောင်သူတွေ အဆင်ပြေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူ ဦးသန်းထွန်းဦးကပြောသည်။

ရဲဝင်းနိုင် (ပြန်/ဆက်)

ကမ္ဘာ့ရော်ဘာဈေးကျဆင်းမှုနှင့်အတူ မြန်မာ့ရော်ဘာကုန်ကြမ်းတစ်ပေါင်လျှင် ကျပ် ၇၅၀ ဝန်းကျင်အထိ ကျဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ကမ္ဘာ့ရော်ဘာဈေးကျဆင်းမှုနှင့်အတူ မြန်မာ့ရော်ဘာကုန်ကြမ်းတစ်ပေါင်လျှင် ကျပ် ၇၅၀ ဝန်းကျင်အထိ ကျဆင်းနေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။

ပြီးခဲ့သည့်နှစ်ကုန်တွင် ရော်ဘာကုန်ကြမ်းတစ်ပေါင်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်အထိ ဖြစ်ပေါ်ခဲ့သော်လည်း လက်ရှိ ရော်ဘာကုန်ကြမ်းတစ်ပေါင်လျှင် ကျပ် ၇၅၀ ဝန်းကျင်သာရှိကြောင်း၊ နိုင်ငံတကာ ရော်ဘာကုန်ကြမ်းပေါက်ဈေးမှာလည်း ပြီးခဲ့သည့်နှစ်ကုန်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ ဝန်းကျင်ရှိခဲ့သော်လည်း ယခုအခါ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၀၀ ဝန်းကျင်သာရှိကြောင်း သိရသည်။

"လက်ရှိရော်ဘာဈေးကတော့ ကမ္ဘာ့ပေါက်ဈေးတက်ရင် တက်တာပဲ၊ ကမ္ဘာ့ပေါက်ဈေးကျရင် ကျတာပဲ၊ အခုကတော့ လက်ရှိတစ်ပေါင်ကိုကျပ် ၇၄၀၊ ၇၅၀ လောက်တော့ရှိတယ်၊ တစ်တန်ဈေးကတော့ ၂၁၀၀ ကျော်ရှိတယ်" ဟု ဦးခိုင်မြင့်က ပြောသည်။

ထိုသို့ ရော်ဘာကုန်ကြမ်းဈေးများကျဆင်းနေခြင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် နိုင်ငံတကာ ကုန်ချောထုတ်မည့်သူများ တုံ့ဆိုင်းနေခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"အခုလက်ရှိအခြေအနေက ရော်ဘာဈေးတက် တာကျတာကတော့ ကိုဗစ်-၁၉ ရောဂါပေါ်မှာပဲ မူတည်တယ်လေ၊ အခု အင်္ဂလန်တို့ ဥရောပတို့မှာ လော့ဒေါင်းပြန်လုပ်တဲ့အခါမှာ ဈေးကပြန်ဆင်းသွားတာပဲ၊ အခုချိန်ကတော့ ကိုဗစ်က အဓိကပဲ" ဟု ဦးခိုင်မြင့်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းတို့တွင် စိုက်ပျိုးပြီး ၂၀၁၈-၂၀၁၉ ခုနှစ် စာရင်းများအရ စုစုပေါင်းစိုက်ဧက ၁၆၂,၈၃၀ ရှိကြောင်း၊ မွန်ပြည်နယ်သည် ရော်ဘာစိုက်ဧကအများဆုံးဖြစ်ပြီး စိုက်ဧက ၄၉,၇၁၅ ဧကရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ရော်ဘာစိုက်ဧက ဒုတိယအများဆုံးဖြစ်ပြီး စိုက်ဧက ၃၄,၉၃၄ ဧကရှိကြောင်း၊ ကရင်ပြည်နယ်သည် ရော်ဘာစိုက်ဧက တတိယအများဆုံးဖြစ်ပြီး စိုက်ဧက ၂၇,၀၇၆ ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ထို့ပြင် ရော်ဘာထွက်ရှိမှုမှာလည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်း သုံးသိန်းခန့်ထွက်ရှိပြီး ထွက်ရှိသည့် ရော်ဘာကို တရုတ်နိုင်ငံသို့ ၇၀ ရာခိုင်နှုန်းခန့် အဓိက တင်ပို့နေခြင်းဖြစ်ကာ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယား၊ အိန္ဒိယ၊ ဂျပန် စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံမှလည်း မြန်မာ့ရော်ဘာကုန်ကြမ်းများကိုဈေးကောင်းပေး၍ ထိုင်းနိုင်ငံနှင့်ဆက်စပ်သည့် ဘုရားသုံးဆူ၊ ကော့သောင်း၊ မြိတ်တို့မှ တရားမဝင် မှောင်ခိုဈေးကွက်ဖြင့် ဝယ်ယူလျက်ရှိသည်။

ဇြိမ်းဇြိမ်း

■

ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာ ကိုးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စစ်တွေ ဖေဖော်ဝါရီ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်အတွင်းကျေးရွာ ကိုးရွာတွင် ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့လုပ်ငန်းဆောင်ရွက်နေမှုအား စစ်တွေခရိုင် ကျေးလက်ဦးစီးမှူး ဦးစောဝေ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်း ၁၀ ခုကို ပြည်ထောင်စုခွင့်ပြုငွေကျပ်သန်း ၉၀ ဒသမ ၅၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ပန်းနီလာကျေးရွာ၊ နားဇွောင်းကျေးရွာ၊ စပါးထားကျေးရွာ၊ ကျွဲထိုးကျေးရွာနှင့် ဝက်နွတ်သီးကျေးရွာတို့တွင် မြေသားရေကန် ငါးကန်ကို တူးဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီပါရံကျေးရွာ၊ အင်ဒုံပြင်ကျေးရွာ၊ ဗုဒ္ဓါကျေးရွာနှင့် လွန်ပူတောင်ကျေးရွာတို့တွင် လက်တူးတွင်း လေးတွင်း၊ ကံပြင်ကျေးရွာတွင် Lifestraw ရေသန့်စင်လုပ်ငန်းတစ်ခုတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၎င်းလုပ်ငန်းများဆောင်ရွက်နေမှုကို စစ်တွေခရိုင် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာရေပေးရေးကော်မတီများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို လမ်းညွှန်မှာကြားကြသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းများပြီးစီးပါက ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာရှိ ပြည်သူများမှာ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း စစ်တွေခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

တင်ထွန်း(ပြန်/ဆက်)



အသက်မွေးဝမ်းကျောင်းပညာ မြန်မာမှုမြေအိုးလုပ်ငန်း

မြင်းမူ ဖေဖော်ဝါရီ ၁

မြန်မာတို့၏ အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်သော မြေအိုးလုပ်ငန်းသည် ရှေးပဝေသဏီကပင်ရှိခဲ့ပေသည်။ စက်မှုပညာထွန်းကားသော ယနေ့ခေတ် ဒန်အိုးများ၊ သတ္တုအိုးများ၊ သံအိုးများမပေါ်ပေါက်မီ ရှေးမဆွကပင် မြန်မာတို့သည် မိမိတို့လက်ဖြစ် မြေအိုးများဖြင့် အသုံးပြုခဲ့ကြသည်။ ရှေးက မြေအိုးများကိုသာ အသုံးပြုကြပြီး ရေနွေးခရားအိုးများကိုပင် မြေခရားအိုးဖြင့် သုံးကြသည်။ပြောင်း လဲလာသောခေတ်ကာလအရ (မြေဖြင့်ပြုလုပ်သော) မြေအိုးများအစား ယနေ့အချိန်ခါတွင် ဒန်အိုး၊ သတ္တုအိုး၊ ပေါင်းအိုးများကို အစားထိုး၍ အသုံးပြုလာကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့မှ ခြောက်ဖာလုံခန့်အကွာတွင် တည်ရှိသော ဧရာဝတီမြစ်ကမ်းဘေးရှိ မြစ်ပေါက်ရွာကလေးသည် အဆိုပါ ရှေးမြန်မာမှုမြေအိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသောရွာ ဖြစ်သည်။

ထိုရွာတွင် အိမ်ထောင်စု ၂၂၀ ရှိပြီး လယ်ယာလုပ်ငန်းများအပြင် ရှေးအစဉ်အဆက်ကပင်ရှိခဲ့သော မြေအိုးလုပ်ငန်းတစ်ခုတည်းဖြင့် အသက်မွေးသူများမှာ ၃၀ ကျော်ကျော်ရှိသည်။

ကုန်ကြမ်းမှကုန်ချောသို့ အိုးလုပ်သည့် မြေစေးကို မြစ်ပေါက်ရွာနှင့် နှစ်ဖာလုံခန့်ကွာဝေးသည့် ရွာသာလေးရွာအနီးမှ ယူရသည်။ ယင်းမြေကို ထော်လာဂျီတစ်စီးလျှင် ကျပ် ၂၀၀၀၀ ဖြင့် မြေရှင်ထံမှ ဝယ်ယူရသည်။ ထိုမြေများကို ကျယ်ပြန့်သောနေရာတွင် ထားရသည်။ ထိုမြေစေး၊ မြေဆံခဲများကို ထုနှက်၍ ခြောက်အောင်နေလှန်းရ၏။ ပြီးသောအခါ အင်တုံတွင်ထည့်၍ နူးရန် ရေစိမ်ကာ လက်ဖြင့်နယ်ခြေရသည်။ ခဲ၊ အမှိုက်များဖယ်ခြေပြီး ရွှံ့အနှစ်အဖြစ်သို့ ရောက်လာလျှင် ယင်းအနှစ်ကို ပိုက်ဖြင့်စစ်ပြီး အဝတ်ခင်းထားသည့်မြေပြန့်ပေါ်လောင်းထည့်ပြီးလျှင် ဖန့်အောင်ထားရပြန်၏။ ဖန့်အောင်ထားကာ ရွှံ့အဖြစ် ရောက်နေသော ထိုမြေများကို လက်နှင့်နယ်သားကျအောင်နယ်ရ၏။ ပိုမိုနယ်သားကျစေရန် ခြေဖြင့်လည်းနင်းရပြန်သည်။ ထိုသို့ အဆင့်ဆင့်ပြုလုပ်ပေးခြင်းဖြင့် အိုးလုပ်နိုင်သောရွှံ့များအဖြစ်သို့ ပြောင်းလဲပေးသည်။ ထိုမြေကို အိုးပြုလုပ်မည့် စက်ကျဉ်အနီး ကျောက်ပြားပေါ်တင်၍ထားရသည်။ ထိုတင်ထားသောရွှံ့စေးများကို မာ၍မသွားစေရန် ပလတ်စတစ်ဖြင့် လေလုံအောင်ဖုံးအုပ်ထားရ၏။

ထိုရွှံ့စေးကို မိမိလုပ်မည့် အိုးအရွယ်အစားအလိုက် လိုအပ်သလောက် စက်ပျဉ်ပေါ်သို့ လေမခိုရန် အားအနည်းငယ်ထည့်ပြီး ဘယ်ဘက်လက်က စက်ပျဉ်လှည့်၊ ညာဘက်လက်ညှိုးလက်မဖြင့် ပုံဖော်ပေးရသည်။ အဝတ်စကို ရွှံ့နှစ်ရေဆွတ်လျက် လိုအပ်သောပုံကို ဖော်ယူရ၏။ ပြီးလျှင် နိုင်လွန်ကြိုးဖြင့် အိုးဖင်ကိုဖြတ်ယူပြီး စက်ပျဉ်ပေါ်ကချ၊ အရိပ်တွင် ဖန့်အောင်ထားပြီး တစ်ညသိပ်ထားရသည်။

ညောင်ရေအိုးနှင့် ပဒ္ဓာန်းအိုးလိုလျှင် အင်္ဂၤလာတပ်ပေးရ၏။ကလေးကစားစရာအိုးပုတ်၊ ရေဘူး၊ စုဘူးတို့လိုလျှင် အင်္ဂၤလာတပ်ပေးရန်မလိုပါ။ ထိုသို့ရရှိလာသော အိုးများကို ဝါးခြစ်တံဖြင့် အိုးပတ်ပတ်လည်ခြစ်ပြီး အရိပ်တွင် နှစ်ညအိပ်ထားရပြန်သည်။ ထို့နောက်နေထုတ်လှန်းပြီး အချောကိုင်ရန် မြေနီ၊ ရေနံဆီ၊ စားဆီသုံးမျိုးရောပြီး ကျောက်ချောခဲဖြင့်ဆွတ်ပွတ်တိုက်ပြီး တစ်နေပြရပါသည်။

ညနေတွင် ထိုအိုးများကို အိုးဖုတ်မည့်မီးဖိုထဲစီထည့် အပေါ်ယံက စလောင်းမုန်းအကွဲများကို နေရာလပ်မကျန်စီ၍အုပ်၊ ထင်းမီးမျှင်းမျှင်းစထိုး (မီးပြင်းပါကအိုးလန့်ကွဲတတ်သည်)၊ ထို့နောက် ဖိုသုံးပေါက်ထဲ ထင်းအပြည့်ထိုး၊ မီးဖုတ်၊ မီးခိုးငွေ့အဖြူရောင်သမ်းလာလျှင် မီးကျီးခဲများကို ဖိုပေါ်အုပ်ထားသည့် စလောင်းဖုံးအကွဲပေါ်သို့ အရိုးရှည်ဂေါ်ဖြင့် တင်ရ၏။ နောက်တစ်နေ့နံနက်တွင် အိုးများဖော်ယူနိုင်သည်။

"တောရွာလေးတွေက ရွာမှာတင်လာယူကြပါတယ်။ သူတို့ကိုတော့ ဈေးအနည်းငယ်လျော့ယူရပါတယ်။ အိုးလုပ်မယ့်ရွှံ့စေးကို လုပ်မယ့်သူအိမ်ကို ချပေးရတယ်။ အိုးအစိမ်းပဲလုပ်ပြီး အိုးများဖန့်သွားတာနဲ့ သွားသယ်ရတယ်။ ဒိန်ချဉ်အိုးအသေးတစ်လုံး အလုံးရေ ၁၀၀ ကို ၃၀၀၀၊ စုဘူးအသေးတစ်လုံး ၅၀ ကျပ်၊ စုဘူးအလတ်တစ်လုံး ၁၀၀၊ အကြီးတစ်လုံး ၂၀၀၊ ညောင်ရေအိုးအကြီးတစ်လုံး ၁၅၀၊ အလတ်တစ်လုံး ၁၀၀၊ အသေးတစ်လုံး ၆၀၊ ဟင်းအိုးအဖုံးပါတစ်လုံး ၁၀၀၊ ဟင်းအိုးကြီးတစ်လုံး ၁၅၀ ပေးရပါတယ်။ အိုးအင်္ဂၤလုပ်သူတွေ တစ်ရက်ဝင်ငွေ ကျပ် ၁၀၀၀၀ ကျော် ရှိပါတယ်" ဟု မချိုမာက ပြောသည်။

ကိုကိုနိုင်(မြင်းမူ)



ပုဂံ-ညောင်ဦးမြို့မှ မြင်းလှည်းမောင်းသူများ မြင်းစာအခက်အခဲကြုံနေ



ပုဂံ ဖေဖော်ဝါရီ ၁

ရှေးဟောင်းယဉ်ကျေးမှုဒေသ ပုဂံ-ညောင်ဦးမြို့မှ မြင်းလှည်းမောင်းသူများ ကိုဗစ်ကာလအတွင်း ခရီးသည်ဝင်ရောက်မှုမရှိ၍ မြင်းလှည်းငှားမလိုက်ရဘဲ ဝင်ငွေမရှိခြင်းကြောင့် မြင်းစာကျွေးမွေးရန် မတတ်နိုင်သည့်အတွက် လုပ်ငန်းဆက်လက်ရပ်တည်ရန် အခက်ကြုံနေရကြောင်း ပုဂံ-ညောင်ဦး မြင်းလှည်းမောင်းသူများအသင်းမှ သိရသည်။

မြင်းတစ်ကောင်လျှင် တစ်နေ့အစာဖိုးငွေကျပ် ၃၀၀၀ ဖိုးခန့်အထိ ကျွေးမွေးနေရပြီး တစ်လလုံးအနေဖြင့် ငွေကျပ် ၉၀၀၀၀ ဖိုးခန့်အထိ ကုန်ကျစရိတ်ရှိနေခြင်း၊ မြင်းလှည်းအငှားမလိုက်ရသည့် အတွက် စားဝတ်နေရေးအသုံးစရိတ် မတတ်နိုင်ကြတော့သည့်အပြင် မြင်းစရိတ်ပါကုန်ကျနေခြင်းကြောင့် မြင်းစာကျွေးမွေးနိုင်ရန် အခက်ကြုံနေကြောင်း ပုဂံမြို့ဟောင်း တောင်ဘီလယ်ယာကျေးရွာမှ မြင်းလှည်းမောင်းသူ ကိုသောင်းလွင်က ပြောသည်။

"အရင်တုန်းကတော့ ကျွန်တော်တို့ ပြောင်းရိုး၊ မြေစာပင်များကို ပဲပိစပ်၊ ကုလားပဲ၊ ဖွဲမှုန့်နဲ့ရောပြီး ကျွေးခဲ့တာပေါ့။ အခုလက်ရှိမှာတော့ သခင်ဖြစ်တဲ့ လူပင်လျှင် စားဝတ်နေရေးရုန်းကန်နေရတဲ့အတွက်ကြောင့် အဲဒီလိုမကျွေးနိုင်ကြတော့ဘူး။ ပြောင်းရိုးနဲ့ မြေစာခြောက်ကိုပဲရောပြီး ကျွေးနေရပါတယ်။ ကုလားပဲနဲ့ ဖွဲမှုန့်မပါတဲ့အတွက်ကြောင့် မြင်းရဲ့ ကျန်းမာရေးအတွက်တော့ အာဟာရမပြည့်ဝတော့ဘူးပေါ့။ ကိုဗစ်-၁၉ ရောဂါမဖြစ်ခင်က ပုဂံ-ညောင်ဦးမြို့မှာ မြင်းလှည်းစီးရေ ၂၄၀ ရှိခဲ့တယ်။ ကိုဗစ်ကာလ မိသားစုစားဝတ်နေရေးနဲ့ မြင်းစာအခက်အခဲတွေကြောင့် ရောင်းချမှုများရှိနေပြီး အခုအခါ မြင်းအကောင်ရေ ၂၁၀ လောက်ပဲကျန်ပါတော့တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အရေးတကြီးလိုအပ်

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသ၏ ရိုးရာသက်မွေးလုပ်ငန်းတစ်ခုဖြစ်သည့် မြင်းလှည်းလုပ်ငန်း တိမ်ကောပပျောက်မသွားစေရန် အရေးတကြီးလိုအပ်နေသည့် မြင်းစရိတ်များကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးစေလိုကြောင်း ပုဂံ-ညောင်ဦးဒေသ မြင်းလှည်းမောင်းသူများအသင်း ဥက္ကဋ္ဌ ဦးမြတ်သူထံမှ သိရသည်။

ဖေလိန်း(ပုဂံ)

■

ဂေဟစနစ်ကိုအထောက်အကူပြုသည့် မျောက်လွဲကျော်များ



မကွေး ဖေဖော်ဝါရီ ၁

မျောက်လွဲကျော် အများစုတို့သည် အပူပိုင်းသစ်တောများရှိသည့် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့တွင် နေထိုင်ကျက်စားကြသည်။ မျောက်ဝံမျိုးနွယ်တွင် အငယ်ဆုံးနှင့် လူသိအနည်းဆုံး ဖြစ်သော်လည်း လူနှင့်အတူဆုံးသော မျောက်ဝံမျိုးနွယ် မျောက်လွဲကျော်ဖြစ်ပြီး ၎င်းတို့တွင် အမြီးမရှိချေ။ မျောက်လွဲကျော်များတွင် ဆိုင်အာမန်းမျိုးမှာ အကြီးဆုံးဖြစ်ပြီး အမြင့်မှာ နှစ်ပေခွဲမှ သုံးပေရှိကာ ကိုယ်အလေးချိန် ၁၂ ပေါင်ခန့်ရှိသည်။

ကမ္ဘာပေါ်၌ မျောက်လွဲကျော်မျိုးစိတ်ပေါင်း ၂၀ ကျော်ရှိသည့်အနက် မြန်မာနိုင်ငံတွင် မျိုးစိတ်လေးမျိုးတွေ့ရသည်။ ၎င်းတို့မှာ အနောက်ပိုင်းမျက်ခုံးဖြူ၊ အရှေ့ပိုင်းမျက်ခုံးဖြူ၊ စကိုင်းဝေါ်ကာ၊ မျောက်လွဲကျော်လက်ဖြူတို့ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အနောက်ပိုင်းမျက်ခုံးဖြူကိုတွေ့ရပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အရှေ့ပိုင်းမျက်ခုံးဖြူကို တွေ့ရသည်။ ထို့ပြင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်မျောက်လွဲကျော်လက်ဖြူများကိုတွေ့ရှိရကာ စကိုင်းဝေါ်ကာမျောက်လွဲကျော်များကို ကချင်ပြည်နယ်၌ တွေ့ရှိရသည်။ ဒေသအချို့တွင် မိုးလေဝသအခြေအနေကို ခန့်မှန်းသည့် တိရစ္ဆာန်များအဖြစ် မျောက်လွဲကျော်များအား အသိအမှတ်ပြုကြသည်။

မျောက်လွဲကျော်တို့သည် နောက်ခြေနှစ်ချောင်းဖြင့် လူကဲ့သို့မတ်မတ်ရပ်နိုင်ပြီး ခါးမကုန်းဘဲ လမ်းလျှောက်နိုင်သည်။ ၎င်းတို့၏ ထူးခြားချက်မှာ မည်းမှောင်နေသောမျက်နှာတစ်ဝိုက်တွင် အမွေးဖြူလေးများရစ်သိုင်းလျက်ရှိပြီး ခြေနှင့် လက်ထိပ်များပေါ်တွင် အဖြူ(သို့)အဝါဖျော့ရောင်အမွေးများဖုံးအုပ်လျက်ရှိသည်။ အထီး၏ အရောင်သည် အမည်းရောင်ဖြစ်ကာ အမ၏ အရောင်မှာ အဖြူရောင်၊ အဝါရောင် အနည်းငယ်သန်းနေသည်ကို တွေ့ရသည်။

မျောက်လွဲကျော်များသည် တစ်ချိန်လုံး သစ်ပင်ပေါ်၌သာ နေလေ့ရှိပြီး ရေဆာသည့်အချိန်တွင် အောက်သို့ဆင်းလာတတ်ကြသည်။ လက်တံရှည်ပြီး တုတ်ခိုင်သန်မာသည်။ သစ်ကိုင်းတစ်ကိုင်းကို လက်တစ်ဖက်ဖြင့်မြဲမြံစွာဆုပ်ကိုင်ပြီး ပေ ၂၀ မှ ပေ ၄၀ အကွာအဝေးအထိ အခြားသစ်ကိုင်းတစ်ကိုင်းကိုလွှဲ၍ ကျန်လက်တစ်ဖက်ဖြင့် ကူးသွားနိုင်ကာ ပေ ၅၀ ကျော် မြင့်သော သစ်ကိုင်းပေါ်၌ မတ်တတ်ရပ်၍ ပြေးလွှားနိုင်ပြီး မြေပြင်ပေါ်၌ လျင်မြန်စွာမပြေးနိုင်ကြပေ။ အခြားမျောက်များကဲ့သို့ လေးဘက်ထောက်မသွားဘဲ မတ်တတ်ရပ်၍သွားနိုင်သည်။ မျောက်လွဲကျော်များသည် မိသားစုအလိုက် နယ်နိမိတ်များသတ်မှတ်ပြီး စုရုံးနေထိုင်တတ်ကြသည်။ သုံးနှစ်တစ်ကြိမ်ခန့်သာ သားပေါက်လေ့ရှိပြီး အရွယ်မရောက်သေးသည့် အကောင်ငယ်များသည် မိသားစုနှင့်အတူ ရှစ်နှစ်ခန့်နေထိုင်ကြကာ မိတ်ဖက်ရှာ၍ နယ်မြေသစ်ကို ရှာဖွေ ကြသည်။ ၎င်းတို့၏ ပျမ်းမျှသက်တမ်းမှာ သဘာဝအလျောက် အသက် ၂၀ မှ ၃၀ အထိ နေထိုင်တတ်ကြပြီး ဖမ်းဆီးခံရသော မျောက်လွဲကျော်များမှာ ထိုမျှလောက်အသက်မရှည်ကြပေ။ ၎င်းတို့သည် တောနက်များတွင်သာ နေထိုင်ကျက်စားလေ့ရှိပြီး သစ်ရွက်သစ်သီးများကို စားသုံးကြသည်။

မျောက်လွဲကျော်များသည် စိမ်းစိုသောသစ်တောများတွင်သာ နေထိုင်လေ့ရှိကြသည်။ ၎င်းတို့စားသုံးသောသစ်သီးများမှတစ်ဆင့် အညစ်အကြေးစွန့်ပစ်ရာတွင် သစ်ပင်များ ပြန်လည်ပေါက်ရောက်ရှင်သန်စေပြီး ဖြစ်ထွန်းမှုနှုန်းမှာလည်း မြင့်မားသည်။ ထို့ကြောင့် မျောက်လွဲကျော်များနှင့် သစ်တောများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသဖြင့် ဂေဟစနစ်ကိုလည်း ကောင်းမွန်စေသည်။

ယခုအခါ မြန်မာနိုင်ငံရှိ မျောက်လွဲကျော်မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ အကြောင်းမှာ နေထိုင်ရာသစ်တောများနည်းပါးလာခြင်း၊ သစ်တောအရည်အသွေးကျဆင်းလာခြင်း၊ သစ်တောအစိတ်အပိုင်း ကွဲပြားလာခြင်းတို့နှင့် အမဲလိုက်သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်သည်။

ယခုအခါ မျောက်လွဲကျော်ထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တော ဦးစီးဌာနမှ ဦးဆောင်မှုဖြင့် Wildlife Conservation Society (WCS)၊ Friends of Wildlife (FoW)၊Fauna & Flora International (FFI)၊NCS နှင့် ဝါးပလောတို့က ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသခံပြည်သူများ၊ ဒေသခံအ ဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဖွန်ဂန်ရာဇီဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၊ အင်းတော်ကြီးဘေးမဲ့တော၊ ထမံသီဘေးမဲ့တော၊ ရခိုင်ရိုးမဆင်ဘေးမဲ့တော၊ မဟာမြိုင်အဆိုပြုဘေးမဲ့တော၊ မန်းအဆိုပြုဘေးမဲ့တော၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိသစ်တောများမှာမျောက်လွဲကျော်များအား အဓိကတွေ့ရှိရသည့် နေရာဖြစ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုကြောင့် မျောက်လွဲကျော်များအား ထိန်းသိမ်းခြင်းသည် သဘာဝသစ်တောများနှင့် ဂေဟစနစ်အား အထောက်အကူပြုသဖြင့် ၎င်းတို့အားလူသားတို့က ဝိုင်းဝန်းကာကွယ်ပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း မျောက်မျိုးစိတ်ချစ်သူများက ပြောဆိုကြသည်။ **ဝိန်းဇလုပ်သိန်းညွန့်**

ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လာပါက သနပ်ခါးစျေးကွက် ပိုမိုကောင်းမွန်လာနိုင်

မန္တလေး ဖေဖော်ဝါရီ ၁

ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လာပါက သနပ်ခါးစျေးကွက် ပိုမိုကောင်းမွန်လာကာ သနပ်ခါးစျေးနှုန်းများမှာလည်း လက်ရှိရောင်းချနေသည့် စျေးနှုန်းများထက် တိုးမြှင့်ရရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

လက်ရှိအခြေအနေတွင် သနပ်ခါးခြံပိုင်ရှင်များမှ တစ်ဆင့် ပြန်လည်ရောင်းချလိုသူများ အဆင်ပြေစေရန် အရာတော်မြို့နယ် သနပ်ခါးအသင်းကဦးဆောင်၍ သနပ်ခါးပွဲရုံနှင့် အရောင်းစျေးတန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားနေသော်လည်း ဝိတ်ထားခြင်းမရှိဘဲ အရောင်းအဝယ်များ ပြုလုပ်ကာ လက်ရှိအချိန်အထိ ပုံမှန်အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း၊ ထို့ကြောင့် ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လာပါက သနပ်ခါးစျေးအခြေအနေသည် လက်ရှိရောင်းချနေသည့်စျေးထက် တိုးမြှင့် ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

"ကိုဗစ်ကာလမှာ သနပ်ခါးပွဲရုံကို မပိတ်ဘဲရောင်းချပေးပါတယ်။ အရောင်းအဝယ်ကောင်းပါတယ်။ အလားအလာလည်းကောင်းပါတယ်။ တစ်ပင်ကို ငွေကျပ် ၂၀၀၀ ကနေ ကျပ် ၁၀၀၀၀ တန်အထိ ရောင်းချရပါတယ်။ ပြည်တွင်းကိုပဲ ရောင်းချနေရတာပါ။ ဒီနှစ်က အရောင်းအဝယ်ကောင်းတဲ့အတွက် ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်လာရင် သနပ်ခါးစျေးက နှစ်ဆတိုးမြင့် ပြောင်းလဲသွားနိုင်ပါတယ်။ သဘာဝသနပ်ခါးစစ်စစ်က မရှိတော့ဘူး။ အနယ်နယ်အရပ်ရပ်မှာ ရှားလာပါပြီ။ ပွဲရုံဖွင့် ရောင်းချပေးတဲ့အတွက် သနပ်ခါးလာရောက်ဝယ်သူတွေ အခက်အခဲမဖြစ်တော့ပါဘူး။ ခြံအရောက်သွား ကြည့်စရာလည်း မလိုတော့ပါဘူး။ ပွဲရုံမှာ လာဝယ်တဲ့အတွက်ကြောင့် ပစ္စည်းလည်း မမှားဘူး၊ စျေးနှုန်းကလည်း မများပါဘူး" ဟု ဦးကျော်မိုးက ပြောသည်။

အဆိုပါ အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ပျိုးဧက ပေါင်း တစ်သိန်းကျော်ရှိပြီး သနပ်ခါးပို့ကုန်အနေဖြင့် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း ထုတ်လုပ်တင်ပို့ရောင်းချကြောင်း၊ အရာတော်သနပ်ခါးသည် ကျောက်ကုန်းထွက်ဖြစ်သဖြင့် သဘာဝအတိုင်း အပွေးညိုခြင်း၊ အပွေးထူခြင်း၊ အနံ့မွေး၍ ဆေးဖက်ဝင်ခြင်းများကြောင့် လူကြိုက်များကြောင်း၊ သနပ်ခါးအထွက်များသည့် အရာတော်မြို့ကို သနပ်ခါးမြို့တော်အဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် မြို့အဝင်နေရာများတွင် သနပ်ခါးမြို့တော် အရာတော် ဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



စစ်တွေမြို့နယ်၌ ဒေသထွက် ခဝဲ၊ သခွားသီးနှံများ ထွက်အားကောင်း

စစ်တွေ ဖေဖော်ဝါရီ ၁

စစ်တွေမြို့နယ် (စစ်တွေ-ပုဏ္ဏားကျွန်း) ကျားမသောက်ကျေးရွာ ကားလမ်းမပေါ်တွင် ရာသီသီးနှံ ခဝဲနှင့် သခွားသီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသောကြောင့် စျေးကွက်တွင် အရောင်းသွက်ကာ မိသားစုစားသုံးစရိတ် ဖူလုံလျက်ရှိကြောင်း ရာသီသီးနှံလုပ်ငန်းစိုက်ပျိုးလုပ်ကိုင်သူ ဦးမောင်ထွန်းလှက ပြောသည်။

"ရာသီသီးနှံစိုက်ပျိုးလုပ်ကိုင်ခြင်းကို ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလဆန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး သခွား၊ တိုင်ထောင်ပဲနဲ့ အခုဆိုရင် ခဝဲသီးနှံတွေကို အဓိကစိုက်ပျိုးနေပါတယ်။ အခုစိုက်ပျိုးထားတဲ့ စိုက်ခင်းက ၃ ဒသမ ၆၀ ဧကရှိပြီး သခွား၊ ခဝဲ၊ တိုင်ထောင်ပဲ၊ ကြက်သွန်၊ ဖရဲ၊ ခရမ်းချဉ်နဲ့ ခရမ်းသီးနှံတွေကို စိုက်ပျိုးထားပါတယ်။ အတန်းလိုက်မျိုးစေ့ချပြီး ရေသွင်းစိုက်ပျိုးနည်းနဲ့ စိုက်ပျိုးထားပါတယ်။ ရာသီသီးနှံ စိုက်ပျိုးကုန်ကျစရိတ်ကတော့ မြေပြုပြင်၊ ထွန်ယက်ခ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ဝယ်၊ ပိုးသတ်ဆေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်စ၊ နိုင်ငွေနှိပ်ကိ၊ သစ်၊ ဝါးနှင့် အလုပ်သမားခ စုစုပေါင်းငွေကျပ် သိန်း ၃၀ ခန့် ကုန်ကျပါတယ်။ ထွက်ရှိလာတဲ့ ရာသီသီးနှံတွေကို စစ်တွေမြို့မြို့မစျေးနဲ့ ပုဏ္ဏားကျွန်းမြို့ ရှိ ဝန်းကျင်ကျေးရွာများသို့ လက်လီလက်ကား ရောင်းချလျက်ရှိပါတယ်။ အခု ခဝဲနဲ့ သခွားသီးနှံတွေ ထွက်တဲ့အချိန်မှာတော့ အထွက်ကောင်းရင်ကောင်းသလောက် တစ်ရက်ကို ကျပ် ၃၀၀၀၀ ကနေ ကျပ် ၅၀၀၀၀ အထိရရှိတဲ့အတွက် အလုပ်သမားတွေကိုလည်း ငွေပေးချေရတာ အဆင်ပြေပြီး မိသားစုဝင်ငွေလည်းကောင်းလာပါတယ်" ဟု ဦးမောင်ထွန်းလှက ပြောသည်။

စစ်တွေမြို့နယ်တွင် စိုက်ပျိုးသီးနှံများထုတ်လုပ်သည့် တောင်သူများမှာ



စိုက်ပျိုးရေးနည်းပညာ အားနည်းသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးခြင်းများ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများအတွက် ချေးငွေထုတ်ချေးပေးခြင်းများကို ကူညီပေးစေလိုကြောင်းနှင့် ထိုသို့လုပ်ဆောင်ပေးခြင်းဖြင့် ရာသီသီးနှံများ စိုက်ပျိုးခြင်းကို တိုးချဲ့လုပ်ဆောင်နိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများမှာလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုအခါတွင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာခြင်း၊ ခဝဲနှင့် သခွားသီးနှံများလည်း အထွက်ကောင်းပြီး အရောင်းအဝယ်လိုက်လာခြင်းကြောင့် မိသားစု စားဝတ်နေရေးဖူလုံလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

နောင်တရားအာလူးအသင်းအဖွဲ့ ဒေသနှင့်ကိုက်ညီသည့် မာအာလူးမျိုး ၂၅ တန် တင်သွင်း



နောင်တရား ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့၌ အာလူးစိုက်တောင်သူများ စုပေါင်းဖွဲ့စည်းထားသည့် နောင်တရား အာလူးအသင်းအဖွဲ့က ဒေသနှင့်ကိုက်ညီသည့် မာ အာလူးမျိုး ၂၅ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

"နောင်တရားအာလူးအသင်းကုမ္ပဏီက ဒီနှစ်မှာ နိုင်ငံခြားကနေ ဒေသနှင့်ကိုက်ညီတဲ့ မာအာလူးမျိုးသစ် ၂၅ တန်ကို စတင်တင်သွင်းတယ်။ အရင်နှစ်တွေ တုန်းကတော့ အခြားကုမ္ပဏီက ဝယ်တယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်တုန်းက အခွန်ကင်းလွတ်ခွင့်ပေးတော့ နောင်တရားအရောက် တစ်ပိသာ ကျပ် ၁၇၀၀ ကုန်ကျတယ်။ အခု အခွန် ၁၅ ရာခိုင်နှုန်းဆောင်ရတော့ နောင်တရားအရောက် တစ်ပိသာ ကျပ် ၂၅၀၀ ကုန်ကျတယ်။ အာလူးမျိုးသစ်စိုက်ပျိုးပြီး ထွက်ရှိလာတဲ့ အာလူးတွေကို အအေးခန်းထဲထည့်ပြီး တောင်သူတွေကို ပြန်လည်ဖြန့်ဝေပေးပါမယ်" ဟု နောင်တရားအာလူးအသင်း ဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက ပြောသည်။

အာလူးစိုက်ပျိုးသည့် တောင်သူများ ချေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးနိုင်စေရန်၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ အာလူးစားသုံးသူများ ကောင်းမွန်ပြီးအရသာရှိသည့် အာလူးဖြစ်စေရန်၊ အာလူးကြော်လုပ်ငန်းများအတွက် အရည်အသွေးကောင်းမွန်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အာလူးမျိုးတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

မေလအတွင်း ပြီးစီးမည်

နောင်တရားမြို့၌ အာလူးစိုက်တောင်သူများ စုပေါင်းကာ အာလူးအအေးခန်းကို တည်ဆောက်လျက်ရှိပြီး မေလအတွင်း ပြီးစီးမည်ဟု သိရသည်။ အဆိုပါ အာလူးအအေးခန်း တည်ဆောက်ပြီးစီးသွားပါက အရည်အသွေးပြည့်မီသည့် အာလူးများ ဈေးကွက်သို့ တင်ပို့နိုင်ခြင်း၊ အာလူးမျိုးများကို ကြာရှည်ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံခြားမှ အာလူးမျိုးများတင်သွင်းမှု လျော့ကျစေခြင်း၊ အာလူးစိုက်တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးနိုင်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ခွန်အောင်(နောင်တရား)

မြန်မာမသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ တံဆိပ် Logo ဒီဇိုင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာမသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ အမှတ်တံဆိပ် Logo ဒီဇိုင်းပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ထားကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းအရေးလှုပ်ရှားဆောင်ရွက်မှုများကို မဟာမိတ်အဖွဲ့အစည်းများ စုစုစည်းစည်းအတူတကွ ချိတ်ဆက်စုပေါင်းလုပ်ဆောင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ မသန်စွမ်းအရေး လှုပ်ရှားဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်များမြင့်မားလာပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မသန်စွမ်းအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်နှင့် မသန်စွမ်းသူများ၏အခွင့်အရေးရရှိမှု သေချာစေရေး၊ မြို့တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်သော အကျိုးရလဒ်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ အမှတ်တံဆိပ် Logo ဒီဇိုင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြရန်အတွက် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာမသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ အမှတ်တံဆိပ် Logo ဒီဇိုင်းရေးဆွဲရာတွင် ဦးတည်ချက်ဖြစ်သော "မသန်စွမ်းသူများဘဝ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူသားအားလုံး အကျိုးဝင်ဆောင်ရွက်သည့် အနာဂတ်ဆီသို့" ဟူသော ဦးတည်ချက်ကို လွယ်ကူစွာ တင်စားဖော်ဆောင်နိုင်ပြီး တင်စားမှုအနုပညာမြောက်သော ခေတ်မီသည့်ဒီဇိုင်းဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာမသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ ဦးတည်ချက်ကို ထင်ဟပ်စေရမည်ဖြစ်ပြီး မြန်မာနိုင်ငံကို ကိုယ်စားပြုသည့်သင်္ကေတများ ပါဝင်ရမည်ဖြစ်ကာ မိမိကိုယ်တိုင် အသစ်တီထွင်ဖန်တီးပုံဖော်ထားသော ဒီဇိုင်းဖြစ်ကြောင်းကို ဝန်ခံကတိပြုရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအနေဖြင့် Logo ဒီဇိုင်းအများဆုံး နှစ်ခုတင်သွင်းနိုင်ပြီး Logo ဒီဇိုင်းကို အဖြူ/အမည်းဒီဇိုင်းနှင့် ကာလာဒီဇိုင်းတို့အား အတူတကွပေးပို့ရမည်ဖြစ်ကာ Data format အား Vector file ဖြစ်သည့် ai၊ eps၊ PDS၊ TIFF နှင့် JPEG အစရှိသော Format များဖြင့် ပြုလုပ်ပေးရမည်ဖြစ်၍ ရွေးချယ်ခံရပါက မူရင်း Logo ဒီဇိုင်းနှင့်အတူ လူကိုယ်တိုင်လာရောက် ရှင်းလင်းတင်ပြကြရမည်ဖြစ်ကာ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်အကဲဖြတ်ရေးအစုအဖွဲ့မှ Logo ဒီဇိုင်းတစ်ခုကိုသာ ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရပါက မြန်မာမသန်စွမ်းသူများနှင့် မဟာမိတ်အဖွဲ့၏ မူပိုင်ခွင့်အဖြစ် ထားရှိမည်ကိုလည်း သဘောတူရမည်ဖြစ်ကာ Logo ဒီဇိုင်းယှဉ်ပြိုင်လိုပါက ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ myatthuwinn @smtfmyanmar.org, nayhtun437@gmail.com, thidan-yunt@gmail.com တို့အား ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၆၈၈၈၆၃၃၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

စိုးမြင့်အောင်

ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီးတွင် သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး



ပွင့်ဖြူ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတားတစ်စင်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာတွင် ရွာလယ်၌ချောင်းရှိနေသည့်အတွက် ကျေးရွာ၏အရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ ခန့်မှာ နှစ်စဉ် မိုးတွင်းကာလများတွင် သွားလာရေးအခက်အခဲများ ကြုံတွေ့နေရပြီး ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရန်နှင့် ဒေသထွက်ကုန်စည် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးတွင် သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြတောင်းခံလာသဖြင့် ယခု ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၉ သန်းဖြင့် မြောင်းမကြီး အရှည် ၇၅ ပေ၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က စတင် တည်ဆောက်ပေးခဲ့ရာ ယနေ့တွင် တံတားတည်ဆောက်ပြီးစီးမှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းကို ယခုနစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ရာ လုပ်ငန်းအရည်အသွေး ပြည့်မီရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အနီးကပ် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ယင်း သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျောင်းကုန်းကြီးကျေးရွာအရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ ခန့်အတွက် မြို့ပြနှင့် ကျေးလက် ရာသီမရွေး အဆင်ပြေစွာ ကူးလူးဖြတ်သန်း သွားလာနိုင်မည့်အပြင် ကျေးရွာနေပြည်သူများ အဓိကစီးပွားဖြစ် လုပ်ကိုင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချသွားနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

ရှမ်းရွာသစ်မြို့ ပိုးပလေကျေးရွာအုပ်စုတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေများ လက်ဝယ်အရောက်ပေးအပ်

ရှမ်းရွာသစ် ဖေဖော်ဝါရီ ၁

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွက် ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့က ပိုးပလေကျေးရွာအုပ်စုရှိ ခလေ့ဒေးကျေးရွာတွင် တာဝန်ရှိသူတို့က လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများပေးအပ်ရာတွင် ကျေးရွာအုပ်စု စာရေးနှင့် အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့ငွေပေးအပ်ရခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ပိုးပလေကျေးရွာအုပ်စုရှိ ကိုယ်ဝန်ဆောင်မိခင် ၇၉ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၂၄ ဦး စုစုပေါင်း ၁၀၃ ဦးတို့အတွက်(အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ)ပထမသုံးလပတ်အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၄၁၀၀၀၀ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)



ရန်ကုန်-မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှ ကျောက်တံခါးမြို့နယ်အတွင်း (၁၇)မိုင်အဆန်လမ်း တည်ဆောက်ပြီးစီး



ကျောက်တံခါး ဖေဖော်ဝါရီ ၁

ရန်ကုန်-မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း(၁) ညောင်လေးပင်-တောင်ငူလမ်းပိုင်း ၁၁၆ ကီလို မီတာ (၇၂ မိုင်)အား မီးရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ကျောက်တံခါးမြို့နယ်အတွင်းမှ ပိန်းဇလုပ် ဘူတာနှင့် တောကျွဲအင်းဘူတာအကြား ၁၇ မိုင် မီးရထားသံလမ်း အဆန်လမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ကျောက်တံခါးမြို့နယ်အတွင်းမှ ပြီးစီးသွားသော မီးရထားအဆန်လမ်း၏ မြေထိန်းနံရံများ ပြိုကျမှုမရှိစေရေးအတွက် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်နိုင်ရေး မီးရထားလမ်းဘေးချဉ်းကပ်လမ်းများ၊ မီးရထားလမ်းဘေးတွင်နေထိုင်သည့် ပြည်သူများ၊ ဘုန်းကြီးကျောင်းများမှ သံဃာတော်များနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မည့် အနေအထားနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်သူများက ပြီးခဲ့သည့် မိုးရာသီကာလတွင် တံတားများတည်ဆောက်နေသည့် နေရာ၌ ရေများစီးဆင်းမှုပိတ်ဆို့ကာ ကျောက်တံခါးမြို့၏ အနောက်ဘက်ခြမ်း ရပ်ကွက်/ကျေးရွာများတွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များကို တင်ပြကြရာ ပြည်သူ့ ဆက်ဆံရေးမန်နေဂျာ ဦးဝင်းမြင့်က ယခုလာမည့်မိုးရာသီတွင် ရေကြီးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လက်ဝဲသုနှရလမ်း၊ မြေကွက်အမှတ်(၁၉၈၅)၊ အမှတ်(၁၃၃၃)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ခေါင်းရင်းခြမ်း၊ ဒုတိယထပ်(၃လွှာ)၊ (၁၈ပေx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းယုဝေ[၁၂/စခန(နိုင်)၀၆၁၈၅၂၂]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လွှဲကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ချစ်(စလင်း) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)
Ph-09-954280932
အမှတ်(၈၁)၊ တကောင်း(၇)လမ်း၊
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဒေါ်မိုးယုနွယ်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၂၄)
LL.B, D.B.L, D.I.L, D.M.L,
WIPO(Switzerland)
Ph: 09-420080932.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၁၁၄၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၁၄၈)၊ (၄၀x၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်တင် [၁၂/လမန(နိုင်)၀၁၈၅၅၄၇]အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဦးခင်မောင်တင်၏ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးဂ၏ ၁၈၃၀/၂၀၇-၂-၂၀၀၇ခုနှစ် အထွေထွေကိုယ်စားလှယ်လွှဲစာရွက်စာရွက်သူ ဒေါ်တီတီစိမ်း[၉/မထလ(နိုင်)၀၆၈၁၃၅]ထံမှ အဆိုပါမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်းခြမ်း)ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် နေအိမ်အားဒေါ်အေးလှ[၁၂/ဥကမ(နိုင်)၀၃၃၈၈၇]က အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ယင်းအိမ်အပါအဝင်ကုက်ကို တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူဖြစ်သော ဒေါ်အေးလှထံမှ ဦးဌေးဝင်း[၁၂/ရဃသ(နိုင်)၀၅၃၃၉၀]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်အပါ နှစ်(၆၀)ဂရန်မြေကွက်၏ တစ်ဝက်တိတိနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်မူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အိမ်အပါ နှစ်(၆၀)ဂရန်မြေကွက်၏ တစ်ဝက်တိတိ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၀၀၈၂၂၊ ၀၉-၉၆၅၁၀၀၈၂၂

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရှေ့လုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။
၇၅၊မြေညီထပ်၊မင်္ဂလာလမ်း
09401505559
စမ်းချောင်း 253260110

သွေးသည် အသက်



ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ထောင်ပိုင်အရာရှိဝင်း သန်းလွင်ဦးနှင့်၊ မြေတိုင်းရပ်ကွက်အမှတ်(ခရာင်းမြစ်ဆောတိုးရဲ့)၊ ဆုတ္ထုံးပန်းလမ်း၊ မြေကွက်အမှတ်(၂၁၂၂)၊ မြေအကျယ်အဝန်း(၃၀ပေ×၆၀ပေ)ရှိ မြေနေပါမစ်မြေကွက်နှင့် ယင်းအပြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပြိုလွှာနှင့်အိုးအိမ်ပဲ့ပြုပြီးရေးဦးစီးဌာနမှပြုလုပ်ရောင်းချလိုကြောင်း ဦးညီညီထွန်း (၁၂/သဃသက(နိုင်)၀၀၆၉၅၅၇၁)အမည်ဖြင့် အများပြေပါက်ထံမှ မြို့နယ်ဥပဒေတော်မင်းတိန်း(၁၉)ဦးမင်းနော် (၁၂/တမန(နိုင်)၁၀၂၂၂၉)သည် "နှစ်ဦးသဘောတူအပေါ်ဆင့် အရောက်ပေးအရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ဖိတ်ကြားပြီးသည့်နောက် တရားဝင်လာကန့်ကွက်ခြင်းမရှိသဖြင့် ရုံးလွှတ်လပ်စွာ ပြန်လည်ပွဲဖန်ပြင်အရောင်းရဲ့ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဖဲ့နဲ့ကတိုးရှိ အပြီးအပိုင်ပြောင်းလဲရောင်းချရန် တရားဝင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်ဖိတ်တစ်ခေသတို့ ရေးဆွဲထားပြီး ပြေစာထုတ်ပေးခဲ့ပြီးဖြစ်သည်။ သို့ပြစ်ပါ၍ ကန့်ကွက်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများ (မူရင်း/မူရင်းမြင်း တရားဝင်ထိသေးရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၄၄၄/ခ)၊ သဒ္ဓါလမ်း၊ (၂၀)၊ (၄)၊ ရပ်ကွက်၊ တောင်ညွှတ်လာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၂၀၁၄၇၅၅ ၊ ၀၉-၇၉၆၆၁၀၁၆၆ ၊ ၀၉-၇၉၆၆၃၀၁၁၂

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁/တိုးချဲ့၊ မြေကွက်အမှတ် (H-9)၊ ဧရိယာ (၀.၂၀၇) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁/တိုးချဲ့ရပ်ကွက်၊ ပိတောက်လမ်း(ဦးပိစာရလမ်း)၊ အမှတ်(H-9) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီနီတင် [၁၂/ဗဟန(နိုင်)၀၃၃၁၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသ စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)
တိုက်အမှတ် (၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၆၀၆၀၇

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇စီ"၊ မြေကွက်အမှတ်-၁၈၄ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၇)ထပ်တိုက် အဆောက်အဦရှိ အမှတ်-၈၂၊ ၆လွှာ-B ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅ပေ x ၅၀ပေ)ရှိ အပျော်ကစနစ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမြမျိုး [၉/ပမန(နိုင်)၀၁၄၈၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)
တိုက်အမှတ် (၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၆၀၆၀၇

ကြော်ငြာ

ရှာဖွေတွေ့ရှိသူ ၂၀ ဦးအား ဆုလာဘ်ပေးအပ်မည်

ကမ္ဘာ့ဈေးကွက်ထဲက ရေနံဆီနှုန်း(၂၀၂၁)ပုံ ဇယားများ ဖော်ပြထားပါသည်

ဇယား(၁) ကမ္ဘာ့ဈေးကွက်ထဲက ရေနံဆီနှုန်းများ

၁ - ၄၆၇၃၀၆	၈ - ၅၇၇၃၆၅	၁၀ - ၆၀၂၄၇၀	၁၄ - ၆၅၆၇၃

ဇယား(၂) ကမ္ဘာ့ဈေးကွက်ထဲက ရေနံဆီနှုန်းများ

၁ - ၂၂၄	၃၁ - ၆၆၈	၆၅၅ - ၈၁	၁၀၅ - ၁၂၀
၁၂၁ - ၁၃၀	၁၃၁ - ၁၄၀	၁၄၁ - ၁၅၀	၁၅၁ - ၁၆၀
၁၆၁ - ၁၇၀	၁၇၁ - ၁၈၀	၁၈၁ - ၁၉၀	၁၉၁ - ၂၀၀
၂၀၁ - ၂၁၀	၂၁၁ - ၂၂၀	၂၂၁ - ၂၃၀	၂၃၁ - ၂၄၀
၂၄၁ - ၂၅၀	၂၅၁ - ၂၆၀	၂၆၁ - ၂၇၀	၂၇၁ - ၂၈၀
၂၈၁ - ၂၉၀	၂၉၁ - ၃၀၀	၃၀၁ - ၃၁၀	၃၁၁ - ၃၂၀
၃၂၁ - ၃၃၀	၃၃၁ - ၃၄၀	၃၄၁ - ၃၅၀	၃၅၁ - ၃၆၀
၃၆၁ - ၃၇၀	၃၇၁ - ၃၈၀	၃၈၁ - ၃၉၀	၃၉၁ - ၄၀၀
၄၀၁ - ၄၁၀	၄၁၁ - ၄၂၀	၄၂၁ - ၄၃၀	၄၃၁ - ၄၄၀
၄၄၁ - ၄၅၀	၄၅၁ - ၄၆၀	၄၆၁ - ၄၇၀	၄၇၁ - ၄၈၀
၄၈၁ - ၄၉၀	၄၉၁ - ၅၀၀	၅၀၁ - ၅၁၀	၅၁၁ - ၅၂၀
၅၂၁ - ၅၃၀	၅၃၁ - ၅၄၀	၅၄၁ - ၅၅၀	၅၅၁ - ၅၆၀
၅၆၁ - ၅၇၀	၅၇၁ - ၅၈၀	၅၈၁ - ၅၉၀	၅၉၁ - ၆၀၀
၆၀၁ - ၆၁၀	၆၁၁ - ၆၂၀	၆၂၁ - ၆၃၀	၆၃၁ - ၆၄၀
၆၄၁ - ၆၅၀	၆၅၁ - ၆၆၀	၆၆၁ - ၆၇၀	၆၇၁ - ၆၈၀
၆၈၁ - ၆၉၀	၆၉၁ - ၇၀၀	၇၀၁ - ၇၁၀	၇၁၁ - ၇၂၀
၇၂၁ - ၇၃၀	၇၃၁ - ၇၄၀	၇၄၁ - ၇၅၀	၇၅၁ - ၇၆၀
၇၆၁ - ၇၇၀	၇၇၁ - ၇၈၀	၇၈၁ - ၇၉၀	၇၉၁ - ၈၀၀
၈၀၁ - ၈၁၀	၈၁၁ - ၈၂၀	၈၂၁ - ၈၃၀	၈၃၁ - ၈၄၀
၈၄၁ - ၈၅၀	၈၅၁ - ၈၆၀	၈၆၁ - ၈၇၀	၈၇၁ - ၈၈၀
၈၈၁ - ၈၉၀	၈၉၁ - ၉၀၀	၉၀၁ - ၉၁၀	၉၁၁ - ၉၂၀
၉၂၁ - ၉၃၀	၉၃၁ - ၉၄၀	၉၄၁ - ၉၅၀	၉၅၁ - ၉၆၀
၉၆၁ - ၉၇၀	၉၇၁ - ၉၈၀	၉၈၁ - ၉၉၀	၉၉၁ - ၁၀၀၀

ဇယား(၃) ကမ္ဘာ့ဈေးကွက်ထဲက ရေနံဆီနှုန်းများ

၁ - ၂၂၄	၃၁ - ၆၆၈	၆၅၅ - ၈၁	၁၀၅ - ၁၂၀
၁၂၁ - ၁၃၀	၁၃၁ - ၁၄၀	၁၄၁ - ၁၅၀	၁၅၁ - ၁၆၀
၁၆၁ - ၁၇၀	၁၇၁ - ၁၈၀	၁၈၁ - ၁၉၀	၁၉၁ - ၂၀၀
